# “တစ်စုံတစ်ရာ ထူးခြားတယ်”

ဇန်နဝါရီလ(၄)ရက် တင်ပြသူ-Tsomo,Mongolia နိုင်ငံ

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Tsomo အနေနဲ့ ခရစ်ယာန်ဘာသာရေးကိုတစ်ခါမှ စိတ်ဝင် စားမှုမရှိခဲ့ပါ။ အဲ့ဒါဟာ မွန်ဂိုးလီးယားနိုင်ငံသားတွေရဲ့ရိုးရာဘာသာ ရေးမဟုတ်ပါ။ အဲဒီအပြင်၊ ဘုရားတစ်ပါးပါးကို သူမယုံကြည်ခဲ့ပါ။ သူဟာ ဘုရားတရားမရှိတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါတယ်။

ပြီးတော့၊သူ့အဒေါ်ဟာမွန်ဂိုးလီးယားနိုင်ငံရဲ့မြို့တော်Ulaanbaatar ကသတ္တမနေ့မြော်လင့်ခြင်း အသင်းတော်တစ်ပါးသို့သွားလည်ခဲ့ပါတယ်။ အင်္ဂလိပ်စာသင်ချင်လို့ ဩစတေးလျနိုင်ငံကနေလာတဲ့ ညွှဲသည်တရားဟောဆရာကဦးဆောင်ခဲ့တဲ့ ဧဝံဂေလိတရားပွဲမှ သူသွားရောက်ခဲ့ပါတယ်။ မြော်လင့်ခြင်းအသင်းတော်က တစ်စုံတစ်ရာထူးခြားလို့ အသက် ၁၈နှစ် အရွယ်ရှိတဲ့ သူ့တူကိုလာဖို့ ခေါ်ဖိတ်ခဲ့ပါတယ်။

“အဲ့ဒါဟာကောင်းတဲ့နေရာဖြစ်ပါတယ်။သင့်လို့လူငယ်အများကြီးရှိပါတယ်” ဆိုပြီး သူမက ပြောခဲ့ပါတယ်။

“အိုး၊မဟုတ်ဘူးဗျ။ဟိုဟာကကျွန်ုပ်တို့ရဲ့ရိုးရာဘာသာရေးမဟုတ်ပဲနိုင်ငံခြားဘာ သာရေး ဖြစ်တယ်နော်အဒေါ်” ဆိုပြီး Tsomo ကပြောခဲ့ပါတယ်။

ဒါပေမဲ့ ဘုရားကျောင်းမှာသူလာဖို့အတွက်ခေါ် ဖိတ်နေတုန်းပါ။ လူငယ်တွေအကြောင်းနဲ့ သူတို့ဂီတာဖြင့် သီချင်းဆိုခဲ့ကြောင်း သူမက ပြောပြခဲ့ပါတယ်။

“သူတို့ဟာသဘောကောင်းကြတယ်”ဆိုပြီးသူမကပြောခဲ့ပါတယ်။

Tsomoအနေနဲ့သူ့အဒေါ် နဲ့ဘုရားကျောင်းသွားခဲ့ကြပါတယ်။ သူ့အနေနဲ့ဩစတေးလျနိုင်ငံသားတရားဟောဆရာနဲ့သူ့အဖော်တွေကိုသဘောကျခဲ့ပါတယ်။အရင်တုန်းကနိုင်ငံခြားသားတွေကိုသူမတွေ့ခဲ့ဘူးပေမဲ့၊သူတို့ဟာသူ့အတွ

က်စိတ်ဝင်စားစရာကောင်းနေပါတယ်။ဒါ့အပြင်၊တေးဂီတတွေဟာကောင်းလွန်းတဲ့အတွက်သူပျော်မြူးခဲ့ပါတယ်။

သူ့အဒေါ်လိုပဲမြော်လင့်ခြင်းအသင်းတော်ဟာတစ်စုံတစ်ရာထူးခြားနေတယ်လို့ သူခံစားခဲ့ရပါတယ်။

“သူတို့ဟာတကယ်ပဲ သဘောကောင်းကြပါတယ်။ သူတို့ဟာ အမြဲပဲပြုံးရွှင်နေကြတာ” ဆိုပြီးတစ်ခါမှမခံစားဘူးတဲ့အရာကို သူခံစားခဲ့ရပါတယ်။

Tsomoအနေနဲ့အကြိမ်ပေါင်းများစွာဘုရားကျောင်းသို့သွားခဲ့ပါတယ်။နောက်ဆုံးမှာသူမြော်လင့်ခြင်းအသင်းသားတစ်ယောက်ဖဖြစ်လာခဲ့ပါတယ်။သခင်ယေရှုအတွက်ကိုယ်တော့်ချစ်ခြင်းမေတ္တာကိုဝေငှဖို့ဆန္ဒဟာသူ့နှလုံးသားထဲမှာပြင်းပြလာခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်မှာလဲ။

မြော်လင့်ခြင်းအသင်းသားတစ်ယောက်ဖြစ်လာပြီးနောက်တစ်နှစ်အကြာမှ၊Tsomo အနေနဲ့ ကျေးလက်ဒေသမှာ နေထိုင်တဲ့ သူ့သူငယ်ချင်းတွေစီသွားလည်ခဲ့ပါတယ်။သူ့အသက်တာမှာ တစ်စုံတစ်ရာထူးခြားမှုကို သူတို့ကသတိထားမိခဲ့ကြတယ်။

“သင်ဟာအရင်ကထက်တမူထူးခြားနေတယ်နော်”ဆိုပြီးမိန်းကလေးတစ်ယောက်ကပြောခဲ့ပါတယ်။”

“သင်ဟာတကယ်ပဲပြောင်းလဲတယ်”ဆိုပြီးယောကျ်ားလေးတစ်ယောက်ကပြောခဲ့ပါတယ်။

“ဘာဖြစ်ပျက်ခဲ့လဲဆိုတာသိကြသလား။ကျွန်တော်ဘုရားသခင်ကိုတွေ့မလို့”ဆိုပြီးTsomoကပြောခဲ့ပါတယ်။ဆယ်ကျော်သက်လူငယ်တွေဟာသခင်ဘုရားကိုမယုံကြည်ကြတဲ့ အတွက်ရယ်မော ခဲ့ကြပါတယ်။

အဲဒီအချိန်မှာ၊အဲ့ဒီနေရာမှာ မိုးမရွာခဲ့တဦ(၆)လရှိပါပြီ။ မြက်ပင်တွေခြောက်သွေ့နေလို့ပြဿနာရှိခဲ့ပါတယ်။မွန်ဂိုးလီးယားနိုင်ငံသားတွေဟာမြင်း၊နွား၊သိုး၊ဆိတ်

တွေနဲ့ကုလားအုပ်တွေအပေါ်မှာ၊ အစားအစာ၊ သိုးမွေးနဲ့သယ်ယူပို့ဆောင်မှုအတွက်ရပ်တည်နေကြရလို့၊ သူတို့ကိုကျွေးဖို့မြက်ပင်တွေအရမ်းလိုအပ်နေပါတယ်။

မိုးခေါင်မှုအဆုံးသတ်ဖို့အတွက်အံ့ဩဖွယ်ဖြစ်ရပ်တစ်ခု၊အရမ်းလိုအပ်ခဲ့လို့ဆယ်ကျော်သက်လူငယ်တွေကTsomoရဲ့ဘုရားကိုစမ်းသပ်ဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။

"သင့်ဘုရားဟာတည်ရှိနေတယ်ဆိုရင်မိုးအတွက်သင်ဆုတောင်းရမှာ"ဆိုပြီးယောကျ်ားလေးတစ်ယောက်ကပြောခဲ့ပါတယ်။တစ်ခြားလူငယ်တွေအနေနဲ့လည်းသဘောတူခဲ့ ကြပါတယ်။

"သင့်ဘုရားကဘာလုပ်နိုင်သလဲဆိုတာကြည့်ကြရအောင်"ဆိုပြီးအခြားယောကျ်ားလေးတစ်ယောက်က ပြောခဲ့ပါတယ်။

Tsomoအနေနဲ့ဆယ်ကျော်သက်လူငယ်အားလုံးကိုအော်ခေါ် ခဲ့ပြီး၊"ကဲ၊အတူတကွဆုတောင်းကြရအောင်"ဆိုပြီးပြောခဲ့ပါတယ်။သူကသခင်ဘုရားထံမှာ မိုးရွာဖို့ ဆုတောင်း လိုက်ပါတယ်။

နောက်တစ်နေ့မနက်မှာ၊တကယ်ပဲမိုးရွာခဲ့ပါတယ်။ပထမပိုင်းမှာတော့မိုးအနဲငယ် ရွာခဲ့ပါတယ်။ဒါပေမဲ့မကြာခင်မှာပဲမိုးအများကြီးရွာသွန်းခဲ့ပါတယ်။

ဆယ်ကျော်သက်လူငယ်တွေကအရမ်းအံ့ဩခဲ့ကြပါတယ်။Tsomoဆီမှာသူတို့ပြေးလာခဲ့ကြပြီး"မိုးရွာနေတယ်မိုးရွာနေတယ်"ဆိုပြီးအံ့ဩစွာ ပြောခဲ့ကြပါတယ်။

တစ်ချို့ကသခင်ဘုရားကိုစတင်လက်ကြည်ခဲ့ကြပါတယ်။တစ်ယောက်က၊"ဟိုး၊သင့်ဘုရားဟာတကယ်တည်ရှိတာနော်"ဆိုပြီးပြောခဲ့ပါတယ်။ Tsomo ဟာဆယ်ကျော်သက်လူငယ်ဆယ်ယောက်နဲ့အဖွဲ့ငယ်ကိုဖွဲ့စည်းခဲ့ပါတယ်။သူတို့ကိုသမ္မာကျမ်းစာဖတ်ပြခဲ့ပြီး၊အတူတကွဆုတောင်းကာ၊ခရစ်ယာန်သီချင်းများကိုသူကသင်ပေးခဲ့ပါတယ်။အဲဒီအဖွဲ့ငယ်ဟာတလအတွင်းနေ့တိုင်းတွေ့ဆုံခဲ့ကြပါတယ်။ပြီးတော့Tsomoဟာမြို့ထဲကသူ့အိမ်သို့ပြန်သွားခဲ့ပါတယ်။

အံ့သြဖွယ်ကောင်းတဲ့မိုးရွာပြီးတဲ့နောက်နှစ်အတော်ကြာပြီးမှ **တီစိုမို** ဟာ မြော်လင့်ခြင်းအသင်းတော်ရဲ့ပါစတာတစ်ဦးဖြစ်လာခဲ့ပြီး၊ယခုအခါမွန်ဂိုးလီးယားရဲ့မ ြ့ို့တော်Ulaanbeat-ar မှာဘုရားအမှုတော်၊ထမ်းဆောင်နေပါတယ်။

အံ့သြဖွယ်ရာတွေဖြစ်ပျက်ခဲ့တဲ့ဒီဒေသမှာမြော်လင့်ခြင်းအသင်းတော်တစ်ပါးမှတည်ထောင်လို့မရသေးပါ။မိုးရွာတဲ့အံ့သြဖွယ်ဖြစ်ရပ်ကိုတွေ့ခဲ့တဲ့ လူငယ်တွေကတော့၊ဘုရားအပေါ်သစ္စာရှိနေကြဆဲပါ။သူတို့ရဲ့မိဘတွေဟာလည်းသခင်ဘုရားကိုလက်ခံခဲ့ကြပါတယ်။

"အဲ့ဒီမှာအသင်းတော်မရှိတဲ့အပြင်၊ပါစတာလည်းမရှိပါ။ဒါပေမဲ့သူတို့ဟာယနေ့အထိသခင်ဘုရားကိုယုံကြည်ခဲ့ကြပါတယ်" ဆိုပြီး **တီစိုမို** က ပြောခဲ့ပါတယ်။

သူတို့အနေနဲ့ ကောင်းကင်ကဘုရားအကြောင်းကို တစ်စုံတစ်ရာထူးခြားတာမြင်တွေ့ရခဲ့ပြီးတဲ့နောက်ပိုင်းမှာ ပိုပြီး ယုံကြည်လာခဲ့ကြတယ်။

ဒီက္ကာတာရဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေတစ်ချို့အားဖြင့် မွန်ဂိုးလီးယားရဲ့မြို့တော် Ulaanbeatar မှာကလေးတွေနဲ့၊သူတို့ရဲ့မိဘတွေအနေနဲ့ကောင်းကင်က၊ဘုရားအကြောင်းနဲ့တစ်စုံတစ်ရာထူးခြားမှုကိုသင်ယူလို့ရမဲ့၊ကလေးတွေကိုပြန်ပြီးအားသစ်လောင်းဖို့ဗဟိုဌာန အသစ်တစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာ ဖြစ်ပါတယ်။

မတ်လ ၂၉ ရက်၊ဥပုသ်နေ့မှာ၊ ၁၃ ပတ်ဥပုသ်တော်နေ့စီမံကိန်းအတွက်ရက်ရောစွာ လှူဒါန်းထည့်ဝင်ကြတဲ့အတွက် သင်တို့အားလုံးကိုအထူး ကျေးဇူးတင်ပါတယ်။

-ဝ-

## "စိတ်ညစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်"

ဇန်နဝါရီလ(၁၁)ရက်၊ တင်ပြသူ-Elberel,မွန်ဂိုးလီးယားနိုင်ငံ၊

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Elberel ဟာကိုဗစ်၁၉ကပ်ဘေးပိတ်ဆို့မှုကာလမှာ ပိုပြီးစိတ်တိုလာခဲ့ပါတယ်။ မွန်ဂိုးလီးယားနိုင်ငံTusgalမြို့ကတစ်ကျောင်းတည်းရှိတဲ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာပညာသင်ယူခဲ့ပါတယ်။အဲဒါဟာအွန်လိုင်းနဲ့စာသင်ရတာဖြစ်ပါတယ်။အစိုးရကျောင်းမှာပညာသင်တဲ့ကလေးတွေဟာရယ်မောနေကြပြီး၊ပျော်နေကြတဲ့အချိန်မှာ၊ သူ့အနေနဲ့နေ့စဉ်ကွန်ပြူတာရှေ့မှာ ထိုင်နေရတာကို မပျော်နိုင်ခဲ့ပါ။

သူ့အမေဆီမှာအစိုးရကျောင်းသို့ပြောင်းပြီးကျောင်းတက်ရမလားလို့သူမေးခဲ့တယ်။ အမေကခွင့်ပြုပေမဲ့၊ အဖေကခွင့်မပြုခဲ့ပါ။သူဟာမြော်လင့်ခြင်းပါစတာတစ်ဦးဖြစ်

ပြီးတော့၊အိမ်နဲ့အတော်ဝေးတဲ့ အမေရိကန်နိုင်ငံက အန်ဒရူးတက္ကသိုလ်မှာပညာသင်ယူနေခဲ့ပါတယ်။

အဖေကအမေ့ဆီမှာ၊"သင့်ကိုကူညီဖို့အတွက်ငါတို့မွန်ဂိုးလီးယားမှာမနေနိုင်ဘူး။ အစိုးရကျောင်းမှာသားကိုကျောင်းထားရင်နဲ့ သူ့အနာဂတ်အသက်တာကိုဒုက္ခမရောက်စေချင်ပါဘူး။ဆိုးတဲ့အကျင့်ကိုသူအတုခိုးလိမ့်မယ်"ဆိုပြီး ပြောခဲ့ပါတယ်။ ဒါကြောင့်အမေဟာသူ့အကြံကိုပြောင်းခဲ့ပြီး၊မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာပဲဆက်နေဖို့ Elberel ကို အားပေးခဲ့ပါတယ်။

Elberelအနေနဲ့ဘယ်လိုဖြစ်ဖြစ်အရှုံးမပေးခဲ့ပါ။သူက၊"လာမဲ့နှစ်မှာရော"ဆိုပြီးအဖေကိုမေး လိုက်ပါတယ်။ဆက်စကားပြောဖို့အကျိုးမရှိမှန်းသိလို့ အဖေကဘာမှပြန်မပြောခဲ့ပါ။ Elberel အနေနဲ့ ဘာမှဆက်မပြောတော့ပါ။

ပြီးတော့၊ အစိုးရကျောင်းမှာအွန်လိုင်းနဲ့စာသင်ခဲ့ကြပြီး၊ Elberel အနေနဲ့အခြားကလေးတွေရယ်မောနေကြတာပျော်နေတာကိုမတွေ့ရတော့ပါ။ သူ့အနေနဲ့ ကျောင်းနှစ်ကုန်တာနဲ့ အမြန်ဆုံး ကျောင်းပြောင်းတက်ဖို့ ဆန္ဒရှိခဲ့ပါတယ်။

လမ်းပြန်ဖွင့်တဲ့အခါကျောင်းအားလုံးပြန်ဖွင့်ပြီး၊ Elberel အနေနဲ့ အစိုးရကျောင်းမှာ ပြန်ပြီး ပညာသင်ဖို့စဉ်းစားခဲ့ပါတယ်။ အဓိကပြဿနာက၊ သူ့အတန်းထဲက မိန်းကလေးတစ်ယောက်ပါ။ သူမအနေနဲ့သူ့ကိုငြင်းခုံချင်သလိုနဲ့ စော်ကားချင်သလို ဖြစ်ခဲ့ပါတယ်။

၂လလွန်သွားတဲ့အခါ၊Elberelအနေနဲ့အတွေ့အကြုံရှိခဲ့ပါပြီ။အဲ့ဒီမိန်းကလေးနဲ့အတူကျောင်းနေတာထက် ကျောင်းပြောင်းရင် ပိုသက်သာချောင်ချိမလာလို့ သူစဉ်းစားခဲ့ပါတယ်။ အန်ဒရူးတက္ကသိုလ်မှာ ပညာသင်နေတဲ့သူ့အဖေကိုဖုန်းခေါ်ပြီးတော့၊”အဲ့ဒီမိန်းကလေးက ကျွန်တော့်ကိုစော်ကားနေတုန်းပဲ။ အစိုးရကျောင်းမှာကျွန်တော်ပညာသင်ယူချင်ပါတယ်” ဆိုပြီး ပြောခဲ့ပါတယ်။

အဖေက၊”အဲဒီသေးငယ်တဲ့ကိစ္စကြောင့်သင်ကျောင်းပြောင်းတက်လို့မရဘူး။အစိုးရကျောင်းမှာသင့်ကိုကလေး တွေကပို စော်ကားနေကြဦးမှာ” ဆိုပြီး ပြောခဲ့ပါတယ်။

ဒါပေမဲ့ Elberel အနေနဲ့အရှုံးမပေးခဲ့လို့ အဖေကလည်း၊ နွေရာသီအတွင်းမှာအဖေက သူ့အ ကြံကိုပြောင်းလဲခဲ့ပေမဲ့၊”လာမယ့်ကျောင်းနှစ်မှာ သင့်ကိုကျောင်းပြောင်းခိုင်းမှာပါ” ဆိုပြီး ပြောခဲ့ပါတယ်။

နွေရာသီအတွင်းမှာအဖေက သူ့အကြံကို ပြောင်းလဲခဲ့ပေမဲ့၊ Elberel အနေနဲ့အစိုးရကျောင်းမှာကျောင်းတက်ဖို့သူ့ဆုံးဖြတ်ချက်ကို လုံးဝအရှုံးမပေးခဲ့သေးပါ။ သူ့အနေနဲ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာဒုတိယတန်းကနေပညာသင်ယူခဲ့ပြီး၊အခြားကျောင်းတစ်ကျောင်းမှာ ပညာသင်ရင်တကယ်ကောင်းတဲ့စိန်ခေါ်မှုဖြစ်မယ်လို့ အသေအချာသူမျှော်မှန်းခဲ့ပါတယ်။

သူ့အမေဆီမှာကျောင်းကျောင်းပြောင်းဖို့ခွင့်ပြုရန်၊တောင်းပန်ခဲ့ပါတယ်။နောက်ဆုံးတော့ သူ့မိဘနှစ်ပါးစလုံးသဘောတူခဲ့ပါတယ်။ဒါပေမဲ့ကျောင်းမှာသတိထားပြီးနေဖို့ အဖေက သူ့ကိုသတိ ပေးခဲ့ပါတယ်။

“ဆိုးတဲ့ကလေးတွေကိုကျွန်တော်ဂရုစိုက်မှာမဟုတ်ဘူး”ဆိုပြီး Elberel ကပြောခဲ့ပါတယ်။ အစိုးရကျောင်းမှာ ပထမနေ့သူကျောင်းစတက်တော့ အရမ်းတုန်လှုပ်ချောက်ချားခဲ့ပါတယ်။

သူ့အတန်းထဲကယောကျ်ားလေးတွေဟာတချိန်လုံးစီးကရက်သောက်နေကြလို့ပါဘဲ။ သူတို့ဟာ မကြာခဏတစ်ယောက်နဲ့တစ်ယောက်စော်ကားခဲ့ကြပါတယ်။ ကျောင်းဆင်းတဲ့အခါမှာသူတို့ဟာအရက်သောက်ခဲ့ကြပါတယ်။ Elberel အနေနဲ့အဲဒီလိုသူငယ်ချင်းမျိုးကို မလိုချင်ခဲ့ပါ။

ဒါ့အပြင်၊ Elberelအနေနဲ့နေ့လည်စာအတွက်ပြဿနာရှိခဲ့ပါတယ်။ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာကလေးတွေက နေ့စဉ်နေ့တိုင်းထမင်းရုံမှာ သတ်သတ်လွတ်နေ့လည်စာရရှိခဲ့ပါတယ်။ဒါပေမဲ့အစိုးရကျောင်းမှာတော့ထမင်းရုံမရှိပါ။Elberelအနေနဲ့အစာဝယ်ဖို့အတွက် လမ်းမကြီး ပေါ်မှာတစ်နေရာလိုက်ရှာခဲ့မိပါတယ်။

ရက်တွေလွန်သွားတဲ့အခါElberelအနေနဲ့အခြားပြဿနာရှိခဲ့ပြန်တယ်။ကျောင်းမှာစာသင်ကြားတာဟာ၊မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာအားလုံးသင်ကြားပြီးသားဖြစ်လို့ လုံးဝအကျိုးမရှိတော့ပါ။

တစ်လကြာတဲ့အခါElberelအနေနဲ့လုံလောက်တဲ့အတွေ့အကြုံရရှိခဲ့ပါတယ်။ အဖေ့စကားနားထောင်ဖို့သူဆန္ဒရှိခဲ့ပါတယ်။ ဒါပေမဲ့ သူမှားကြောင်းဝန်ခံဖို့ တော့စိတ်ကသိကအောက် ဖြစ်ခဲ့ပါတယ်။

"သခင်ဘုရား၊ကျွန်တော်ဘာဆက်လုပ်ရမလဲ။မကောင်းတဲ့သြဇာလွှမ်းမိုးမှုကကျွန်တော့်ကိုဝိုင်းရံထားခဲ့ပြီးသင်ခန်းစာအသစ်တစ်ခုမှမသင်ကြားတဲ့အစိုးရကျောင်းမှာဆက်နေရမှာလား။ ဒါမှမဟုတ် မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာပဲပြန်တက်ပြီးတော့၊ အဲဒီမိန်းကလေးနဲ့ ဆက်ဆံပေါင်းသင်းရမှာလား" ဆိုပြီး Elberel က ဆုတောင်းခဲ့ပါတယ်။

နောက်တစ်နေ့မှာ၊ Elberel အနေနဲ့ဘာလို့စာသင်လဲဆိုတာ အမေကမေးခဲ့ပါတယ်။ အသစ်သော သင်ခန်းစာဘာတစ်ခုမှ သူမသင်တာကြာခဲ့လို့၊" မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာပြန်ပြီးတက်ချင်သလား" ဆိုပြီး သူမကမေးခဲ့ပါတယ်။

အဲဒီအမေးဟာElberelရဲ့နားမှာတေးဂီတလိုဖြစ်ခဲ့ပါတယ်။သူ့ဆုတောင်းသံကိုသခင်ဘုရားကနားညောင်းတယ်လို့သူသိရှိခံစားခဲ့ရပါတယ်။ "ဟုတ်ကဲ့ပါ။ ကျွန်တော်ပြန်လာချင်ပါတယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

အဲဒီသတင်းကို အဖေကကြားတဲ့အခါ၊ သူဝမ်းသာခဲ့ပါတယ်။ “နောက်မကျသေးပါဘူး” အ သင်းတော်ကျောင်းမှာကျောင်းပြန်တက်လို့ရမှာပါ” ဆိုပြီး သူကပြောခဲ့ပါတယ်။

Elberelအနေနဲ့Tusgalကျောင်းမှာကျောင်းပြန်တက်ဖို့အတွက်ရက်အနည်းငယ်စောင့်ရမှာဖြစ်ပါတယ်။သူ့အနေနဲ့မစောင့်နိုင်တော့ပဲ၊အဲဒီမိန်းကလေးနဲ့ဘယ်လိုဆက်ဆံရမယ်ဆိုတာ သူ့မှာအစီအစဉ်တစ်ခုရှိပါတယ်။

“သူ့ကိုဂရုမစိုက်မိဖို့၊ သူ့ကိုဂရုမစိုက်ရင်ပြသနာမဖြစ်လောက်ဘူးလို့ အဖေကပြောခဲ့ပါတယ်”ဆိုပြီး သူကပြောခဲ့ပါတယ်။

မွန်ဂိုးလီးယားနိုင်ငံမြို့တော် **Ulaanbeatar** မှာတည်ရှိတဲ့Tusgal ကျောင်းကအသစ်သောစာသင်ခန်းတွေနဲ့စာကြည့်တိုက်တစ်ဆောင်အတွက် လွန်ခဲ့တဲ့၁၃ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို လက်ခံရရှိခဲ့ပါတယ်။

Ulaanbaatarမှာကလေးတွေကိုသခင်ယေရှုနဲ့မိတ်ဆက်ပေးပြီးပြန်အားသစ်လောင်ဖို့ဗဟိုဌာနအသစ်တစ်ဆောင်ဆောင်လုပ်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ဒီကွာတာ၊ ၁၃ ပတ် ဥပုသ်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## “သူတို့ဟာ သူလျှိုတွေဖြစ်ကြတယ်”

ဇန်နဝါရီလ(၁၈)ရက်၊ တင်ပြသူ-Tserenjav Danzan,မွန်ဂိုးလီးယားနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

အမေဟာအသက်၂၂နှစ်အရွယ်ရှိတဲ့သူ့သမီးDebbieနဲ့မွန်ဂိုးလီးယားနိုင်ငံကမြော်လင့်ခြင်း အသင်းတော်ဘုရားကျောင်းမှာ သွားခဲ့မိလို့ဝမ်းနည်းခဲ့ပါတယ်။

“အမေရိကန်တွေရဲ့အစည်းအဝေးမှာမသွားပါနဲ့။သူတို့ဟာသူလျှိုတွေဖြစ်ကြတယ်” ဆိုပြီး သူမကပြောခဲ့ပါတယ်။

၁၉၉၂ ခုနှစ်၊ စက်တင်ဘာလမှာ မွန်ဂိုးလီးယားနိုင်ငံဟာကွန်မြူ နစ်နိုင်ငံအဖြစ်ကူးပြောင်းခဲ့ပါတယ်။

၁၉၉၃ ခုနှစ်မှာ၊ Debbie အနေနဲ့ရေနှစ်ခြင်းခံခြင်းအားဖြင့်သခင်ယေရှုထံ သူ့နှလုံးသားကိုဆက်ကပ်ဖို့ဆုံးဖြတ်လိုက်တဲ့အခါ၊အမေဟာဒေါသထွက်ခဲ့ပါတယ်။မွန်ဂိုးလီးယားနိုင်ငံမှာကွန်မြူနစ် စနစ်ပြိုလဲခဲ့ပြီးတဲ့နောက် Debbie ဟာ၊ မြော်လင့်ခြင်းအသင်းသူထဲမှာအဦးဆုံးပြောင်းလဲခဲ့ပါတယ်။

အမေက၊“အမေရိကန်တွေဟာဆိုးတဲ့သူတွေဖြစ်တယ်။သူတို့ဟာသူလျှိုတွေဖြစ်ပြီးကျွန်မတို့ရဲ့နှလုံးသားကိုအနိုင်ရပြီးတဲ့နောက်၊ကျွန်ုပ်တို့ကိုအသုံးပြုခြင်းအားဖြင့်ကျွန်မတို့နိုင်ငံကို ဖျက်ဆီးသွားမှာ” ဆိုပြီး ပြောခဲ့ပါတယ်။

ခရစ်ယာန်ဘာသာဟာ မွန်ဂိုးလီးယားနိုင်ငံမှာ ရိုးရာဘာသာမဟုတ်တဲ့အပြင်၊ အမေ့အနေနဲ့ဘာသာအလုံးစုံကို အဆိုးလို့ပဲမြင်ခဲ့ပါတယ်။ သူမဟာ ကွန်မြူနစ်ဝါဒကိုတက်ကြွစွာထောက်ခံအားပေတဲ့ခိုင်မြဲတဲ့ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်ပါတယ်။သူ့ရဲ့ဩဇာလွှမ်းမိုးမှုကြောင့်လူအမြောက်အများဟာ ပါတီအဖွဲ့ဝင်တွေဖြစ်လာခဲ့ကြပါတယ်။ သူ့အလုပ်မှာအထူးအရေးပါတဲ့ Marx,Engels,Lenin တို့က သူ့ကိုဆုချီးမြှင့်ခဲ့ပါတယ်။

အမေဟာဘုရားနဲ့အကြောင်းနဲ့ပတ်သက်ပြီးသူ့စိတ်နေစိတ်ထားကိုဘယ်တော့မှပြောင်းလဲမှာမဟုတ်ပါ။

Debbieအနေနဲ့ဖိလိပိုင်နိုင်ငံက AIIAS တက္ကသိုလ်မှာပညာသင်ဖို့အ တွက်မွန်ဂိုးလီးယားနိုင်ငံကနေ ထွက်ခွာခဲ့ပါတယ်။ သူမအနေနဲ့အိမ်ပြန်လာခဲ့တဲ့အခါ၊ ကျမ်းစာသင်တဲ့အဖွဲ့တစ်ခုကိုဖွဲ့စည်းပြီး အဲဒီမှာအမေကို သူမကခေါ် ဖိတ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ၊ မွန်ဂိုးလီးယားနိုင်ငံက မြော်လင့်ခြင်းအသင်းတော်ကလူငယ်တွေပါဝင်ခဲ့ကြပြီး၊သမ္မာကျမ်းစာသင်တဲ့အဖွဲ့ငယ်အနေနဲ့ အသက်ကြီးသူတွေကိုရည်ရွယ်ခဲ့ပါတယ်။ အဖွဲ့ငယ်ရဲ့ အရင်ဆုံးအဖွဲ့သားငါးဦးဟာအမေရယ်၊သူ့ညီမ၂ဦးရယ်၊မွန်ဂိုးလီးယားနိုင်ငံကပါစတာရဲ့အမေရယ်၊ ပြီးတော့တခြားအသင်းတော်က အမေတစ်ဦးတို့ ဖြစ်ကြပါတယ်။

အမေဟာကျမ်းစာသင်တဲ့အဖွဲ့ငယ်ကိုအရမ်းဂရုစိုက်တဲ့အပြင်၊ စူးစမ်းချင်စိတ်လဲပြင်းပြခဲ့ပါတယ်။သူ့အနေနဲ့ Debbie ရဲ့အသက်တာမှာပြောင်းလဲမှုတွေကိုတွေ့ရှိခဲ့ပါတယ်။ အရင်ကမာနကြီးတဲ့ Debbie ဟာ နူးညံ့သိမ်မွေ့လာခဲ့ပါတယ်။ အရင်ကဆရာမကြီးလိုအသက်ရှင်ခဲ့တဲ့သူမဟာသူ့အမေစကားကိုနားထောင်ခဲ့ပြီး၊ သူ့အစ်မကို လေးစားလာခဲ့ပါတယ်။

အမေ့အနေနဲ့"သူ့အသက်တာကိုဘယ်အရာကပြောင်းလဲစေသလဲ"ဆိုပြီးစဉ်းစားခဲ့မိတယ်။

အရင်က ခရစ်ယာန်ဘာသာရေးကို အတိုက်အခံလုပ်ခဲ့တဲ့Debbieရဲ့အစ်မ ကိုယ်တိုင်ရေနှစ်ခြင်းခံခဲ့ပါတယ်။ အမေ့အနေနဲ့လည်းမိမိအသက်တာပြောင်းလဲလာတာကိုမြင်တွေ့ခဲ့ပါတယ်။

အဲဒီလောက်ဆိုရင်တော်ပါပြီ။ ၂၀၀၀ ခုနှစ်မှာ၊အမေဟာ သခင်ဘုရားထံမှာ သူ့ခင်မင်ရင်းနှီးမှုကိုဆက်ကပ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။အသက်၅၃နှစ်အရွယ်မှာနှစ်ခြင်းခံပြီးမြော်လင့်ခြင်းအသင်းတော်ထဲသို့ဝင်ခဲ့ပါတယ်။ တကယ်တော့ သမ္မာကျမ်းစာသင်တဲ့အဖွဲ့ငယ်ထဲကအဖွဲ့ဝင်ငါးဦးဟာ နှစ်ခြင်းခံပြီးတော့ ကျမ်းစာသင်မှုကို အဆုံးသတ်ခဲ့ကြပါတယ်။

တစ်ခါတုန်းက Leninဟာ သခင်ဘုရားအတွက်တက်ကြွစွာ လူစုဆောင်းပေးတဲ့သက်သေခံတစ်ဦးဖြစ်လာခဲ့ပါတယ်။ တစ်ခါတုန်းက ကွန်မြူနစ်ပါတီအတွက် အဖွဲ့သားတွေရှာဖွေတဲ့သူမဟာ ဘုရားသခင်ရဲ့နိုင်ငံတော်အတွက် ပျောက်ဆုံးတဲ့သိုးတွေကို လိုက်လံရှာဖွေတဲ့ သူတစ်ဦးဖြစ်လာခဲ့ပါတယ်။

အမေဟာသူသေတဲ့ထိတိုင်သစ္စာရှိခဲ့ပါတယ်။သူမအနေနဲ့သခင်ဘုရားကို ချစ်ယုံမကပဲ သခင်ဘုရားအတွက် ဆက်ကပ်ပေးကမ်းချင်ခဲ့ပါတယ်။ သူမအရမ်းအားနည်းလာခဲ့ပြီးဘုရားကျောင်းသို့သွားလို့မရတော့တဲ့အခါ၊သူ့အိမ်မှာအိမ်အသင်းတော်တစ်ပါးဖွဲ့စည်းခဲ့ပါတယ်။ အလှူငွေ ဆက်ကပ်မှုမပါရင် ဝတ်ပြုမှုဟာ မပြည့်စုံဘူးလို့သူမကပြောခဲ့ပြီး သူတောင်းဆိုတဲ့အတိုင်း၊ သူကိုယ်တိုင်အလှူငွေထည့်ဝင်လို့ရအောင် သူ့ကုတင်နားမှာပဲအလှူငွေသေတ္တာတစ်လုံးထားပေးခဲ့ရပါတယ်။

2020ခုနှစ်မှာ အမေဟာ သဲခြေအိတ်ကင်ဆာရောဂါနဲ့ အသက်(၇၄)နှစ်မှာ သေဆုံးခဲ့ပါတယ်။ ဒါပေမဲ့ သူမသေပြီးတဲ့နောက်ပိုင်းမှာ တောင်သက်သေခံတစ်ဦးအနေနဲ့ ကျန်ရှိခဲ့ပါတယ်။

မွန်ဂိုးလီးယားနိုင်ငံသားတွေရဲ့ ရိုးရာအသုဘထုံးစံအတိုင်း ဈေးကြီးတဲ့ရိုးရာဓလေ့တွေပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့သူ့တောင်းဆိုမှုကြောင့် ရိုးစင်းတဲ့ခရစ်ယာန်အသုဘအစီအစဉ်တစ်ခုအနေနဲ့မြှုပ်နှံခဲ့ပါတယ်။သူ့အသုဘဟာ ထုံးစံအတိုင်းတမူထူးခြားလို့ သူ့ဆွေမျိုးတွေက

အရမ်းအံ့ဩခဲ့ကြပါတယ်။ ခရစ်ယာန်ဘာသာရေးဟာတမူထူးခြားမှုရှိတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ကြပါ တယ်။

တစ်ဦးက၊ "ဟိုး၊အင်မတန်မှငြိမ်သက်တဲ့အသုဘပါလား"ဆိုပြီး ပြောခဲ့ပါတယ်။

နောက်တစ်ဦးက"ငါ့အသုဘအဲ့ဒီလိုဖြစ်ချင်တယ်" ဆိုပြီး ပြောခဲ့ပါတယ်။

အမေရဲ့သက်သေခံမှုဟာအဲဒီမှာအဆုံးမသတ်သေးပါဘူး။သင်္ချိုင်းကုန်းမှာသူ့ခေါင်းစီးစာတန်းပါရှိတဲ့ဂူပေါ်မှကျောက်ပြားကနေဆက်ပြီးတော့တရားဟောခဲ့ပါတယ်။ သူ့ခေါင်းစီးစာတန်းပါရှိတဲ့ဂူပေါ်ကကျောက်ပြားပေါ်မှာ"ကိုယ်တော်ကိုမြော်လင့်သောသူအပေါင်းတို့သည်မင်္ဂလာရှိကြ၏" (ဟေရှာယ ၃၀း၁၈) ဆိုတဲ့ ကတိတော်ပါရှိခဲ့ပါတယ်။

သူမ မသေခင်လေးမှာ၊ "ကျွန်မရဲ့မျှော်လင့်ချက်ဟာ သခင်ခရစ်တော်မှာရှိပါတယ်။ ကိုယ်တော်ပြန်ကြွလာတဲ့ထိတိုင် ကျွန်မအိပ်ပျော်ချင်ပါတယ်" ဆိုပြီး သူမက Debbie ကိုပြောခဲ့ပါတယ်။

ယခုအချိန်မှာအမေအနေနဲ့ခမ်းနားကြီးကျယ်တဲ့မနက်မှာ သခင်ဘုရားကထမြောက်စေဖို့အတွက် စောင့်မျှော်လျက်ရှိနေပါတယ်။

ယခုအချိန်မှာ မွန်ဂိုးလီးယားနိုင်ငံကသင်္ချိုင်းကုန်းမှာ အိပ်ပျော်နေတဲ့သူ့နာမည် **Tserenjav Danzan** လို့ခေါ်တဲ့ကျွန်မအမေနဲ့အခြားသစ္စာရှိတဲ့မြော်လင့်ခြင်းအသင်းသားတွေရဲ့သာသနာလုပ်ငန်းမှာရှေ့ဆက်ပြီး လုပ်ဆောင်စေမယ့်သင်တို့ရဲ့ ၁၃ပတ် ဥပုသ်နေ့အလှူငွေအတွက် ကျေးဇူးတင်ပါတယ်။

ဒီကွာတာရဲ့ ၁၃ပတ်ဥပုသ်တော်နေ့မှာ မွန်ဂိုးလီးယားနိုင်ငံရဲ့မြို့တော် Ulaanbaatar မှာကလေးတွေကိုသခင်ယေရှုနဲ့မိတ်ဆက်ပေးပြီးပြန်အားသစ်လောင်းဖို့ဗဟိုဌာနအသစ်တစ်ဆောင် ဆောက်လုပ်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။သင်တို့ရဲ့ဒီကွာတာ၊ ၁၃ ပတ် ဥပုသ်နေ့အလှူ ငွေအတွက်အထူးကျေးဇူးတင်ပါတယ်။

-၀-

## "အဖြေတွေလိုက်လံ ရှာဖွေနေတယ်"(ပထမပိုင်း)

ဇန်နဝါရီလ(၂၅)ရက်၊ တင်ပြသူ-Bold Batsukh, Mongolia နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်...)

***စာတည်းရဲ့မှတ်ချက်*** - ဒီဖြစ်ရပ်မှန် ဝတ္ထုဟာ မွန်ဂိုးလီးယားနိုင်ငံရဲ့ပထမဆုံးသောမြော်လင့်ခြင်းပါစတာအနေနဲ့ ၁၉၉၀ အစောပိုင်းမှာသခင်ဘုရားထံသို့ သူ့နှလုံးသားကို ဘယ်လိုဆက်ကပ်အပ်နှံခဲ့ လဲဆိုတဲ့အကြောင်းဖြစ်ပါတယ်။

မွန်ဂိုးလီးယားနိုင်ငံမှာ **ဘိုးလ်** အနေနဲ့မေးစရာရှိတိုင်း သူ့အဖေကိုမေးခဲ့ရပါတယ်။

"အမှောင်ကိုကျွန်တော်ကြောက်လန့်နေတယ်။ ဘာကြောင့်လဲ"ဆိုပြီး သူကပြောခဲ့ပါတယ်။

"အဲဒါဟာ သင့်ရဲ့စိတ်ကူးသက်သက်ပဲဖြစ်ပါတယ်"ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

ပြီးတော့၊ ဒီယောကျ်ားလေးအနေနဲ့ တစ်စုံတစ်ဦးကဘုရားနဲ့နတ်ဆိုးအကြောင်းပြောနေတာကိုကြားခဲ့လို့အဖေ့ဆီမှာ၊"ဘုရားနဲ့နတ်ဆိုးဆိုတာတကယ်ရှိပါသလား"ဆိုပြီးမေးခဲ့ပါတယ်။

**ဘိုးလ်** အနေနဲ့ သူ့အဖေကစာအုပ်အများကြီးဖတ်တာတွေ့ခဲ့ပြီး၊ ဗဟုသုတများစွာရှိမှာကို သူသိရှိခဲ့လို့ သူ့အဖေကို ယုံကြည်အားကိုးခဲ့ပါတယ်။

ဒါပေမဲ့ သူက အမှောင်ကိုကြောက်လန့်နေဆဲပါ။ သခင်ဘုရားတကယ်ရှိသလားဆိုတာသူသိပ်ပြီးတော့မသေချာခဲ့ပါ။ ဘာကြောင့်လဲဆိုတာ သူနားမလည်ခဲ့ပေမဲ့၊ စကြဝဠာထဲတစ်နေရာရာမှာ တော့သခင်ဘုရားတည်ရှိရမှာပဲလို့ သူခံစားခဲ့ပါတယ်။

**ဘိုးလ်** ဟာ အသက်ငယ်သေးပေမဲ့၊ သူဟာ အင်မတန်တည်ကြည်လေးနက်ခဲ့ပါတယ်။ သူ့အနာဂတ်အကြောင်းကို လေးလေးနက်နက်သူစဉ်းစားခဲ့ပါတယ်။ သေဆုံးမှုကိုစဉ်းစားပြီးတော့သူ ကြောက်လန့်ခဲ့ပါတယ်။

"ဘာဖြစ်လို့ ကျွန်ုပ်တို့သေကြတာလဲ။သေပြီးတဲ့နောက်ဘာဖြစ်ပျက်ပါသလဲ" ဆိုပြီး သူအံ့သြခဲ့ပါတယ်။

တစ်နေ့မှာ၊အဖေဖျားနာခဲ့ပါတယ်။သူဟာလပေါင်းများစွာဆေးရုံမှာဆေးကုသမှုခံယူခဲ့ပါ တယ်။

ဆေးကုသမှုခံယူချိန်မှာ၊ **ဘိုးလ်** ကအဖေရဲ့နောက်ကျောပေါ်မှာ သူနာပြုဆရာမတွေရဲ့ဆေးထိုးခြင်းအားဖြင့် အမာရွတ်တွေကို သတိထားမိခဲ့ပါတယ်။

"ဘာဖြစ်လို့သူတို့က အဖေ့ကို ဆေးအများကြီးထိုးပေးတာလဲ"ဆိုပြီးသူမေးခဲ့ပါတယ်။

"ကျွန်တော်ဖျားလို့ ဆေးထိုးခံရမှာပေါ့" ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

**ဘိုးလ်** အနေနဲ့ သူ့အဖေအတွက် ဝမ်းနည်းခဲ့ပါတယ်။

အဖေဟာ တစ်ဖြည်းဖြည်းအားနည်းခဲ့ပြီး၊ နောက်ဆုံးမှာအစာမစားနိုင်တော့လို့က လေးအစာလိုပဲ ရေနဲ့ပြုတ်တဲ့အစာကိုပဲစားခဲ့ရပါ တယ်။တစ်စုံတစ်ဦးက ဇွန်းတစ်ချောင်းနဲ့အဖေ့ကိုဆန်ပြုတ်ကျွေးခဲ့ပြီး မျိုချဖို့ပြောခဲ့ရပါသေးတယ်။

မွန်းလွဲပိုင်းတစ်ခုမှာ၊ **ဘိုးလ်** အနေနဲ့သူ့အိမ်အပြင်မှာ ကစားနေခဲ့တုန်းသူ့သူငယ်ချင်းတစ်ယောက်သူ့ဆီကိုပြေးလာခဲ့ပြီး၊"သင့်အဖေဆုံးသွားပြီ။သင့်အဖေသေဆုံးသွားပြီ" ဆိုပြီး သူအော်ပြောခဲ့ပါတယ်။

**ဘိုးလ်** အနေနဲ့သူ့သူငယ်ချင်းက ဟားဟ လုပ်နေတယ်လို့စဉ်းစားခဲ့ပြီး၊"ဘာဖြစ်လို့သင် က ဒီလိုမျိုးဟာသလုပ်နေတာလဲ" ဆိုပြီး သူပြောခဲ့ပါသေးတယ်။

"ငါပြောတာအမှန်ပဲ။ သူတို့က သင့်ကိုလိုက်လံရှာဖွေနေတာ" ဆိုပြီး သူ့သူငယ်ချင်းယောကျ်ားလေးက ပြောခဲ့ပါတယ်။

**ဘိုးလ်** အိမ်ကိုပြေးလာတဲ့အခါ အိမ်အပြင်မှာ လူနာတင်ကားတစ်စီးရပ်ထားပါတယ်။ သူ့အဖေကိုတွေ့ဖို့ လူနာတင်ကားထဲဝင်ခွင့်မရခဲ့ပါ။ သူ့အဖေတကယ်သေဆုံးတာ သူနားလည်ခဲ့ပါတယ်။ သူ့အဖေဟာ အသက်၄၅နှစ်ရှိပြီး၊ **ဘိုးလ်** ကတော့ အသက်၁၃နှစ်ပဲရှိပါသေးတယ်။

ယောကျ်ားလေးအနေနဲ့ငိုကြွေးခဲ့ပြီးတော့၊ "ဘာကြောင့်လဲ၊ဘာကြောင့်လဲ"ဆိုပြီး သူမေးခဲ့ ပါတယ်။ ဒါပေမဲ့အဖြေတစ်ခုမှ သူမကြားခဲ့ပါ။

အဖေကမတည်ရှိဘူးလို့ပြောခဲ့တဲ့ဘုရားသခင်ထံမှာ၊ "ဒီအဖြစ်အပျက်အတွက်အကျိုးအကြောင်းတစ်ခုခုကျွန်တော်မတွေ့ဘူး" ဆိုပြီး ပထမအကြိမ်သူပြောခဲ့ပါတယ်။ ဒါပေမဲ့ အဖြေတစ်ခုမှသူမရခဲ့ပါ။

**ဘိုးလ်** အနေနဲ့အမှောင်ကိုကြောက်လန့်နေခဲ့ပါတယ်။ ယခုအချိန်မှာ၊ညအမှောင်ထဲမှာသူ့ အဖေကသူ့ကိုအိပ်မက်လိုနှောင့်ယှက်နေခဲ့လို့ သူ့ရဲ့ကြောက်လန့်မှုကကြီးထွားလာ

ခဲ့ပါတယ်။ သူ့အိပ်မက်ထဲမှာအဖေ့ကို “ဘာဖြစ်လို့ကျွန်ုပ်တို့ကိုစွန့်ခဲ့တာလဲ” ဆိုပြီး သူမေးခဲ့ပါတယ်။ သူမရှိတော့လို့ ဘာမဆိုခက်ခဲလာခဲ့ပါတယ်။ **ဘိုးလ်** အနေနဲ့လည်း ခါးသီးတဲ့ခံစားချက်ရှိ ခဲ့ပါတယ်။

“အဖေ့အနေနဲ့ သူ့ကျန်းမာရေးကို ပိုပြီးဂရုစိုက်လျက်၊ဆေးရုံမှာစောစောဆေးကုသမည်ဆို ရင် အသက်ရှင်နေဦးမှာပဲ” ဆိုပြီး သူစဉ်းစားခဲ့ပါတယ်။

အမေ့အနေနဲ့လည်းအဖေ့ကိုအရမ်းလွမ်းမိခဲ့ပါတယ်။ သူ့အနေနဲ့လည်းမေးစရာရှိလို့ အဖြေရှိတယ်ဆိုပြီးဖော်ပြခဲ့တဲ့ မွန်ဂိုးလီးယားနိုင်ငံ သားတွေရဲ့ရိုးရာဘာသာရေးက ကျောင်းဆရာတစ်ဦးဆီမှာ သွားလည်ခဲ့ပါတယ်။

အမေဟာသွားလည်ပတ်တိုင်း၊ ပျော်နေတာကို **ဘိုးလ်** အနေနဲ့သတိပြုခဲ့မိပါတယ်။ သူ့အမေးတွေကိုကျောင်းဆရာက ဖြေလို့ရမရဆိုတာ သိရှိဖို့သူ့ရဲ့ စိတ်တွေပြင်းပြလာခဲ့ပါတယ်။

“ကျွန်တော်သူ့ကိုသွားတွေ့လို့ရမလား”ဆိုပြီး သူက အမေကိုမေးခဲ့ပါတယ်။

“အတူတူသွားကြစို့” ဆိုပြီး အမေကပြောခဲ့ပါတယ်။

**ဘိုးလ်**လိုပဲအဖြေလိုက်ရှာနေတဲ့မွန်ဂိုးလီးယားနိုင်ငံသားတွေအတွက်ဆုတောင်းပေးကြပါ။ ဒီ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့်မွန်ဂိုးလီးယားနိုင်ငံရဲ့မြို့တော် Ulaanbaatarမှာ သူတို့ရဲ့မေးခွန်းတွေကိုပြန်မဖြေခဲ့ရသေးတဲ့အခြားကလေးတွေအတွက် ပြန်အားသစ်လောင်းဖို့ ဗဟိုဌာနအသစ်တစ်ခု ဆောက်လုပ်ရာမှာကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။ မတ်လ၂၉ရက်နေ့၊ ဥပုသ်နေ့မှာ သင်တို့အနေနဲ့ အလှူငွေတွေကိုရက်ရောစွာထည့်ဝင်ဖို့စီစဉ်နေကြတဲ့အတွက် အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။

-o-

## “ကျောင်းဆရာကို ကူညီသူ” (ဒုတိယပိုင်း)

ဖေဖော်ဝါရီလ(၁)ရက်၊ တင်ပြသူ- Bold Batsukh, မွန်ဂိုးလီးယားနိုင်ငံ၊

***စာတည်းရဲ့မှတ်ချက်*** - ဒီဖြစ်ရပ်မှန် ဝတ္ထုဟာ မွန်ဂိုးလီးယားနိုင်ငံရဲ့ပထမဆုံးသော မြော်လင့်ခြင်းပါစတာအနေနဲ့ ၁၉၉၀ အစောပိုင်းမှာသခင်ဘုရားထံသို့ သူ့နှလုံးသားကို ဘယ်လိုဆက်ကပ်အပ်နှံခဲ့လဲဆိုတဲ့ အကြောင်းဖြစ်ပါတယ်။ သူ့အဖေဟာ မမျှော်လင့်ပဲ၊ သေဆုံးခဲ့ရတဲ့အ

ကြောင်းအရင်းကိုလိုက်လံရှာဖွေနေတဲ့ ၁၃ နှစ်အရွယ်၊ဘိုးလ် ရဲ့ဖြစ်ရပ်မှန်ဝတ္ထုကိုကောက်ယူထားတာဖြစ်တယ်။သူ့အမေအနေနဲ့လည်းမွန်ဂိုးလီးယားနိုင်ငံသားတွေရဲ့ရိုးရာဘာသာရေးက၊ကျောင်းဆရာတစ်ဦးဆီမှာ သူ့အမေးတွေအတွက်အဖြေကိုရှာတွေ့ခဲ့ပါတယ်။အမေအနေနဲ့ကျောင်းဆရာနဲ့တွေ့ဆုံဖို့အတွက်သူ့သားကိုသွားခေါ် ဖို့သဘောတူခဲ့ပါတယ်။

မွန်ဂိုးလီးယားနိုင်ငံမှာ၊ သူတို့ရဲ့ ပြဿနာတွေကိုဘယ်လိုဖြေရှင်းရမယ်ဆိုတာအကြံပြုချက်ရဖို့ကျောင်းဆရာရဲ့အိမ်အပြင်မှာနေ့တိုင်းပဲ လူတွေပြည့်ကျပ်နေခဲ့ပါတယ်။ လူတွေကိုအိမ်ထဲသို့ဖိတ်ဖို့အတွက်ထိုင်ပြီးစောင့်ခဲ့ကြရပါတယ်။

တစ်စုံတစ်ဦးအိမ်ထဲဝင်လာတဲ့အခါ၊ကျောင်းဆရာက၊”သင့်ပြဿနာကဘာလဲ” ဆိုပြီးမေးခဲ့ပါတယ်။

ပြီးတော့မှ၊အကြာကြီးသူနားထောင်ခဲ့ပါတယ်။အဲဒီနောက်မှာသန့်ရှင်းမွန်မြတ်တဲ့မှတ်ချက်တွေကိုသူဖွင့်ပြီးတော့၊ တိဘက်လူမျိုးတွေရဲ့ဘာသာစကားနဲ့တစ်စုံတစ်ရာကိုအထပ်ထပ်ပြောဆိုခဲ့ပါတယ်။

သူ့အနေနဲ့တိဘက်ဘာသာစကားကိုပြောဆိုလို့ဘယ်သူကမှနားမလည်ခဲ့ပါ။ ဒါပေမဲ့လူတွေဟာ ကျောင်းဆရာရဲ့အိမ်ကနေပျော်ရွှင်စွာနဲ့ထွက်သွားခဲ့ကြပါတယ်။

ကျောင်းဆရာအနေနဲ့ **ဘိုးလ်** ရဲ့အဖေသေတဲ့အကြောင်းကို ပြောပြလို့မရခဲ့ပါ။ ဒါပေမဲ့သန့်ရှင်းမွန်မြတ်တဲ့ရေးမှတ်ချက်တွေကို **ဘိုးလ်** အနေနဲ့စိတ်ဝင်စားခဲ့ပါတယ်။ သူက၊ ”သူ့ကိုကူညီလို့ရမယ်ဆိုရင် သူနဲ့အတူပိုပြီးတော့အချိန်သုံးလို့ရမှာ ဖြစ်ပြီး၊ကျောင်းတက်စရာလည်းမလိုအောင် ကောင်းတဲ့နည်းလမ်းတစ်ခုဖြစ်မှာပါ”ဆိုပြီးစဉ်းစားခဲ့ပါတယ်။

အိမ်ပြန်လာတဲ့အခါ၊သူ့အမေဆီမှာ”ကျွန်တော်လဲကျောင်းဆရာတစ်ဦးဖြစ်လာနိုင်တယ်။ကျွန်တော့်ကိုသင်ကြားပေးဖို့အတွက်အမေ့ကျောင်းဆရာကိုမေးပေးလို့ရမလား”ဆို ပြီးပြောခဲ့ပါတယ်။

အမေဟာစိတ်မပါပေမယ့်၊မေးဖို့တော့ သဘောတူခဲ့ပါတယ်။

ရက်အနည်းငယ်လွန်ပြီးမှ၊ကျောင်းဆရာအိမ်ကနေပြုံးရွှင်စွာနဲ့အိမ်ပြန်လာခဲ့ပါ တယ်။

"ကျောင်းဆရာဟာသင့်တောင်းဆိုမှုကိုပြောပြလိုက်တဲ့အခါ အင်မတန်မှကျေနပ်ခဲ့ပါတယ်။သူ့အနေနဲ့ယောကျ်ားလေးတစ်ယောက်ကိုပြုစုပျိုးထောင်ချင်တာကြာလှပြီလို့" ဆို ပြီး အမေကပြောခဲ့ပါတယ်။

**ဘိုးလ်** အနေနဲ့ကျောင်းဆရာနဲ့အတူနေဖို့အတွက်သွားခဲ့ပါတယ်။

မနက်တိုင်း(၆)နာရီမှာ၊ **ဘိုးလ်** ကိုနိုးထစေဖို့တုတ်တချောင်းနဲ့ထိုးဆွခဲ့ပါတယ်။ ဘိုးလ်ဟာ တိဘက်ဘာသာစကားသင်ကြားဖို့နဲ့ သန့်ရှင်းတဲ့ရေးသားချက်တွေကနေအချက်တွေကို အလွတ်ရဖို့နာရီနဲ့ချီပြီးထိုင်ခဲ့ရပါတယ်။ သူ့အနေနဲ့ငြီးငွေ့ဖွယ်ကောင်းတဲ့အလုပ်ဖြစ်တဲ့ကျောင်းဆရာအတွက် ထမင်းချက်ပေးခဲ့ပြီး၊ သူ့ရဲ့အိမ်သန့်ရှင်းရေကိုလဲ လုပ်ပေးခဲ့ ပါတယ်။

**ဘိုးလ်** ဟာကျောင်းဆရာနဲ့ ၂နှစ်အတူနေခဲ့ပါတယ်။ ကျောင်းဆရာကအလွတ်ရွတ် ခိုင်းတဲ့အချက်အားလုံးကို သူအလွတ်ရွတ်ခဲ့ပါတယ်။ ကျောင်းဆရာလုပ်ခိုင်းသမျှကိုသူလုပ်ခဲ့ပါတယ်။ သူ့အသက်(၁၅)နှစ်မှာကျောင်းဆရာက သူ့ကို ကျောင်းဆရာဖြစ်အောင်သင်ကြားပေးမဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ခေါ်ဆောင်သွားခဲ့ပါတယ်။

ဘုန်းကြီးကျောင်းက ကျောင်းဆရာခေါင်းဆောင်ဟာ **ဘိုးလ်** ကို "သင်ကဘာသင်ခဲ့သလဲ။ ဒီအချက်ကိုအလွတ်ရွတ်ဆိုလို့ရသလား" ဆိုပြီး မေးမြန်းခဲ့ပါတယ်။ ယောကျ်ားလေးတစ်ယောက်အနေနဲ့အရင်တုန်းက မေးခဲ့တဲ့ **ဘိုးလ်** ကသန့်ရှင်းတဲ့ ရေးသားချက်တွေကနေ ယခုအချိန်မှာ အဖြေအများကြီးပေးလို့ရခဲ့ပါတယ်။

ကျောင်းဆရာခေါင်းဆောင်အနေနဲ့ သဘောကျလို့၊ "သူ့အနေနဲ့ ကောင်းမွန်စွာသင်ကြားခဲ့ပါတယ်။ဒါပေမဲ့ အခြားယောကျ်ားလေးတစ်ချို့ခုနပဲလက်ခံခဲ့လို့ သူ့အ

တွက်နေရာမရှိတော့ပါ။ နောက်တစ်နှစ်သူပြန်လာခဲ့ရင် ပထမဆုံးအနေနဲ့သူ့ကို ခေါ်ပါ့မယ်” ဆိုပြီး **ဘိုးလ်** ရဲ့ကျောင်းဆရာဆီမှာ ပြောခဲ့ပါတယ်။

အဲ့ဒါဟာ အလှည့်အပြောင်းတစ်ခုပါ။ **ဘိုးလ်** အနေနဲ့သင်ကြားပေးတဲ့ ကျောင်းဆရာမဖြစ်ခဲ့ရင် ပုံမှန်ကျောင်းမှာပဲ ကျောင်းပြန်တက်ချင်ပါတယ်။အဲဒါနဲ့သူ အိမ်သို့ပြန်ခဲ့တယ်။

သူ့အနေနဲ့ကျောင်းမတက်တာ နှစ်နဲ့ချီရှိခဲ့ပြီး၊ ယခင်က တတန်းတည်းနေ သူငယ်ချင်းတွေရဲ့နောက်မှာကျန်ရစ်ခဲ့ပါတယ်။ဒါပေမဲ့ သူတို့နဲ့အတူပြန်ပြီးပညာသင်ချင်ခဲ့ပါတယ်။

အမေဟာ ကျောင်းအုပ်ကြီးနဲ့စကားပြောလိုက်တော့၊ **ဘိုးလ်** အနေနဲ့သူငယ်ချင်းတွေနဲ့အတူကျောင်းပြန်တက်ဖို့အခွင့်ရခဲ့ပါတယ်။အမေလဲသဘောတူခဲ့ပါတယ်။ သူတို့နဲ့အတူပညာသင်လို့ရမယ်ဆိုရင်အဲ့ဒီအတန်းမှာသူဆက်နေလို့ရမှာဖြစ်ပါတယ်။ **ဘိုးလ်**အနေနဲ့ထိုင်ခုံအရှေ့တန်းမှာထိုင်ခဲ့ပြီး၊အသက်၁၃နှစ်အရွယ်ကလိုမဟုတ်တော့ပဲ၊ ယခုအချိန်မှာ တက်ကြွစွာနဲ့ သူသင်ကြားလေ့လာချင်ပါတယ်။

သူမထင်မှတ်ပဲ၊ကျောင်းစာသင်တာမှာလွယ်ခဲ့ပြီး ထိပ်ဆုံးသို့အမြန်ရောက်ခဲ့ ပါတယ်။ အဲဒီလို သူထူးချွန်ရတဲ့အကြောင်းအရင်းကို တစ်တန်းတည်းနေသူငယ်ချင်းတွေက သဘောမပေါက်ခဲ့ကြပါ။သူ့အနေနဲ့(၂)နှစ်အတွင်းကျောင်းမှာစာမသင်ခဲ့ရပါ။ **ဘိုးလ်** အနေနဲ့ အဲ့ဒီအတောအတွင်းမှာ သန့်ရှင်းမွန်မြတ်တဲ့ရေးသားချက်တွေကိုအလွတ်ရွတ်ဆိုလို့သူ့အသိဉာဏ်ကို ကြည်လင်ပြတ်သားစေပြီး၊စည်းကမ်းရှိစေတဲ့အတွက်၊သူ့ကျောင်းကအိမ်စာတွေ ကိုလွယ်ကူစွာနဲ့ အပြီးသတ်လို့ရခဲ့ပါတယ်။

အထက်တန်းအောင်ပြီးတဲ့နောက်မှာ၊ **ဘိုးလ်** အနေနဲ့အင်္ဂလိပ်စာသင်ကြားပြီးရင်၊ အင်္ဂလိပ်စာသင်ကြားပေးတဲ့ဆရာဖြစ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။သူ့အနေနဲ့မွန်ဂိုးလီးယားနဲ့ရုရှားဘာသာစကားရတော့၊တတိယဘာသာစကားမှာသိပ်ခက်ခဲမှာမဟုတ်ဘူးလို့ စဉ်းစားခဲ့ပါတယ်။

ဒါပေမဲ့တက္ကသိုလ်မှာရက်အနည်းငယ်စာသင်ခဲ့တာသူမအောင်ခဲ့ပါ။ သူမျှော်လင့်တာထက်အင်္ဂလိပ်စာကပိုပြီးခက်နေပါတယ်။ ဘယ်လိုဆက်လုပ်ရမလဲသူစဉ်းစားခဲ့ပါတယ်။ သူ့အမြွာပူးညီမက အကြံတစ်ခုပေါက်ခဲ့ပါတယ်။အမေရိကန်လူမျိုးတစ်ချို့ကိုသူမတွေ့ဆုံ ပြီး၊ သူတို့က သူမကို အင်္ဂလိပ်စာသင်ပေးခဲ့ကြပါတယ်။

"ကျွန်မနဲ့အတူလာပြီးတော့၊အမေရိကန်လူမျိုးတွေနဲ့တွေ့ဆုံစကားပြောပါ" ဆိုပြီး သူမကပြောခဲ့ပါတယ်။ **ဘိုးလ်** အနေနဲ့တော့စိတ်မဝင်စားခဲ့ပါ။

အဲဒီနောက်ပိုင်းမှာ၊သူ့အမြွာပူးညီမကမွန်ဂိုးလီးယားဘာသာစကားနဲ့ဓမ္မသစ်ကျမ်းစာအုပ်တစ်အုပ်ကို သူ့ကိုပြခဲ့ပါတယ်။

"အမေရိကန်လူမျိုးတွေဟာခရစ်ယာန်တွေဖြစ်ကြပါတယ်။သူတို့အနေနဲ့ခရစ် တော်အကြောင်းကိုပြောဆိုနေကြပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

**ဘိုးလ်**အနေနဲ့အထိတ်တလန့်ဖြစ်ခဲ့ပါတယ်။"သူတို့ဆီမှာမသွားတော့နဲ့။ငါတို့မွန်ဂိုး လီးယားနိုင်ငံမှာ ရိုးရာဘာသာရှိတယ်" ဆိုပြီးသူကပြောခဲ့ပါတယ်။

ဒါပေမဲ့သူ့ ညီမကနားမထောင်ခဲ့ပဲ၊ "ဟိုလူတွေဟာတကယ်သဘောကောင်းတဲ့လူ တွေပဲနော်" ဆိုပြီး ပြောခဲ့ပါတယ်။

**ဘိုးလ်** အနေနဲ့သူ့အင်္ဂလိပ်စာအတန်းမှာဆက်ပြီးကြိုးစားခဲ့ပါတယ်။ တစ်နေ့မှာ၊ သူ အိမ်စာလုပ်ရင်းနဲ့ အမေရိကန်တွေကို သတိရခဲ့မိပါတယ်။

သူ့အနေနဲ့ "သူတို့ကကျွန်တော့်အင်္ဂလိပ်စာမှာကူညီမှာ" ဆိုပြီးစဉ်းစားခဲ့ပါတယ်။ အမေရိကန်တွေကခရစ်ယာန်ဘာသာရေးကိုပြောမယ်ဆိုရင်၊ သူတို့ဘာသာကိုမွန်ဂိုးလီးယားတွေက လုံးဝလက်ခံလို့မရကြောင်း သူပြသမယ်လို့ကတိပေးခဲ့ပါတယ်။ သူတို့နဲ့တွေ့ဆုံ လို့ရမလားဆိုတာ သူ့ညီမကိုမေးခဲ့ပါတယ်။

သူ့ညီမက အမေရိကန်တွေဆီမှာ သူ့အစ်ကိုအကြောင်းကိုပြောပြခဲ့ပါတယ်။ တစ်ယောက်သောသူက၊"ဒီဥပုသ်နေ့မှာကျွန်ုပ်တို့ရဲ့အိမ်ဘုရားကျောင်းသို့သူ့ကိုခေါ်ခဲ့ပါ" ဆိုပြီး ပြန်ပြောခဲ့ပါတယ်။

**ဘိုးလ်** လိုပဲအဖြေရဖို့လိုက်ရှာဖွေနေတဲ့ မွန်ဂိုးလီးယားတွေအတွက် ဆုတောင်း ပေးကြပါ။ ဒီ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့်မွန်ဂိုးလီးယားနိုင်ငံရဲ့မြို့တော် Ulaanbaatar မှာသူတို့ရဲ့မေးခွန်းတွေကိုပြန်မဖြေခဲ့ရသေးတဲ့ အခြားကလေးတွေအတွက် ပြန်အားသစ်လောင်းဖို့ ဗဟိုဌာနအသစ်တစ်ခု ဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါ တယ်။

မတ်လ၂၉ရက်နေ့ဥပုသ်တော်နေ့မှာသင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့စီစဉ်နေ တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "ကျမ်းစာသင်ပေးမှုက အခွင့်အလမ်းတစ်ခု" (တတိယပိုင်း)

ဖေဖော်ဝါရီလ(၈)ရက်။ တင်ပြသူ- Bold Batsukh,မွန်ဂိုးလီးယားနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

***စာတည်းရဲ့မှတ်ချက်*** - ဒီဖြစ်ရပ်မှန် ဝတ္ထုဟာ မွန်ဂိုးလီးယားနိုင်ငံရဲ့ပထမဆုံးသော မြော်လင့်ခြင်းပါစတာအနေ နဲ့ ၁၉၉၀ အစောပိုင်းမှာသခင်ဘုရားထံသို့ သူ့နှလုံးသားကို ဘယ်လိုဆက်ကပ်အပ်နှံခဲ့လဲဆိုတဲ့အကြောင်းဖြစ်ပါတယ်။မမျှော်လင့်ပဲသေဆုံးခဲ့ရတဲ့သူ့အဖေအကြောင်းကိုလိုက်လံရှာဖွေရင်းနဲ့၊ မွန်ဂိုးလီးယားနိုင်ငံကတက္ကသိုလ်တစ်ခုမှာ အင်္ဂလိပ်စာသင်ယူဖို့ကြိုးစားရင်း၊ ဘိုးလ်ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုကိုကောက်ယူထားတာဖြစ်ပါတယ်။ သူ့အနေနဲ့သူ့အမြွာညီမဆီမှာသူ့ကိုအင်္ဂလိပ်စာနဲ့ သခင်ဘုရားအကြောင်း၊ သင်ကြားပေးနေတဲ့ အမေရိကန်တစ်ချို့နဲ့ မိတ်ဆက်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သူ့အနေနဲ့ သူတို့ဆီကနေအင်္ဂလိပ်စာသင်ယူပြီးတော့၊ လိုအပ်ခဲ့ရင်၊ ခရစ်ယာန်ဘာသာရေးက မွန်ဂိုးလီးယားနိုင်ငံမှာ နေရာမရှိကြောင်းပြသဖို့ သူဆုံးဖြတ်ခဲ့ပါ တယ်။

အမေရိကန်တွေဟာ အစည်းအဝေးကို ဘုရားကျောင်းမှာမလုပ်ပဲ၊ သူတို့အိမ်ရဲ့အိမ်ခန်းမှာလုပ်ခဲ့ကြပါတယ်။ မွန်ဂိုးလီးယားနိုင်ငံရဲ့ မြို့တော် **Ulaanbaat** က

သူတို့ရဲ့အိမ်ဘုရား ကျောင်းသို့သူ့အမြွာညီမနဲ့အတူလိုက်လာတဲ့အခါ၊ သူ့ကိုနွေးထွေးစွာ ကြိုဆိုခဲ့ပါတယ်။

အဲဒါဟာ **ဘိုးလ်**အတွက်သမားရိုးကျမဟုတ်တဲ့အတွေ့အကြုံဖြစ်ပါတယ်။ လူအယောက် ၂၀ဟာ ကြမ်းပျဉ်ပေါ်မှာဝိုင်းထိုင်ကြပြီး၊ သီချင်းစာအုပ်ထဲက သီချင်းကိုဆိုခဲ့ကြပါတယ်။ သီချင်းတွေရဲ့စကားလုံးက **ဘိုးလ်** အတွက်အရမ်းထူးဆန်းပြီး၊ ရှုပ်ထွေးနေတဲ့အပြင်အရမ်းသဘောကျခဲ့ပါတယ်။ သူ့အနေနဲ့ "**Hosanna**' ဆိုတာဘာကိုဆိုလိုတာလဲ။ ဘာဖြစ်လို့ **'Lamb'** အကြောင်းကိုသူတို့သီဆိုနေကြတာလဲ" ဆိုပြီး စဉ်းစားခဲ့ပါတယ်။ သူ့ရယ်မောမှုကို ဖုံးကွယ်ဖို့အတွက် သူ့မျက်နှာပေါ်မှာ သီချင်းစာအုပ်တစ်အုပ်ကို သူဆုပ်ကိုင်ခဲ့ပါတယ်။

သီချင်းသုံးပုဒ်ဆိုပြီးတဲ့နောက်မှာအမေရိကန်တွေကဥပုသ်စာဖြေကျောင်းအစီအစဉ်ကိုဦးဆောင်ခဲ့ပါတယ်။ ဒံယေလအခန်းကြီး (၂)ထဲက နေဗုခဒ်နေဇာအကြောင်းကို သူတို့ ပြောပြခဲ့ကြပါတယ်။

**ဘိုးလ်** အနေနဲ့နှစ်သက်သဘောကျခဲ့ပြီး၊ သူ့မှာမေးစရာအများကြီးရှိခဲ့ပါတယ်။ ဒါပေမဲ့ သူစကားမပြောပဲနေခဲ့ပါတယ်။

ပြီးတော့၊ အမေရိကန်ထဲမှတစ်ဦးက တိုတဲ့တရားဟောချက်တစ်ခုကို ဟောခဲ့ပါတယ်။**ဘိုးလ်**အတွက်တရားဟောချက်တွေက ဘာမှအကျိုးမရှိခဲ့ပါ။ တရားဟောဆရာအနေနဲ့ ဗျာဒိတ်ကျမ်းထဲက ရုပ်တုတစ်ခုအကြောင်းကိုဟောခဲ့တယ်။ **ဘိုးလ်** နေနဲ့နားမလည်ခဲ့ပါ။တရားဟောဆရာကသခင်ယေရှုပြန်ကြွလာမဲ့အကြောင်းဟောတဲ့အခါ၊ **ဘိုးလ်** အနေနဲ့ "သူဘယ်သွားခဲ့သလဲ။ ဘာဖြစ်လို့သူပြန်လာဖို့လိုအပ်သလဲ" ဆိုပြီး သူမိန်းမောတွေဝေခဲ့ မိပါတယ်။နေ့လည်စာစားပြီးတဲ့အခါ၊ အိမ်အသင်းတော်အဖွဲ့အနေနဲ့ကလေးတွေနဲ့၊ လက်မှုပညာတွေလုပ်ဖို့အတွက် မိဘမဲ့ကလေးတွေထားရာနေရာတစ်နေရာသို့ သွားခဲ့ကြပါတယ်။

Bold အနေနဲ့၊အဲဒီညမှာအိမ်ပြန်လာတဲ့အခါစိတ်ချမ်းသာခဲ့ပါတယ်။ သူ့အနေနဲ့ကလေးတွေကိုကူညီခဲ့တာ ပျော်ခဲ့ပါတယ်။ "အမေရိကန်တွေကကျွန်တော့်အပေါ်အခွင့်အလမ်းတစ်ခုရအုံးမှာ၊ သူတို့ရဲ့အကြံကိုကျွန်တော်နားထောင်ရမယ်ထင်တယ်" ဆိုပြီး၊ သူစဉ်းစားခဲ့ပါတယ်။

နောက်ဥပုသ်တော်နေ့ကိုသူဟာစိတ်စောပြီးစောင့်နေခဲ့ပါတယ်။

ဥပုသ်နေ့မှာတရားဟောပြီးတဲ့အခါ၊အမေရိကန်တွေနဲ့အတူသူထိုင်ပြီးတော့၊ နားထောင်ခဲ့ပါတယ်။ သူကြားခဲ့တဲ့အရာဟာ၊ သူစဉ်းစားခဲ့တဲ့အရာနဲ့အရမ်းကွာနေပါတယ်။အမေရိကန်တွေကသမ္မာကျမ်းစာထဲမှကမ္ဘာဦးကျမ်းကိုဖွင့်ပြီးတော့ဖန်ဆင်းခြင်း အ ကြောင်းကိုဝေငှဟောကြားခဲ့ပါတယ်။ **ဘိုးလ်** အနေနဲ့အလွန်မှပင်စိတ်ဝင်စားခဲ့ပါတယ်။

သူ့အနေနဲ့ ယောကျာ်းလေးဘဝတုန်းက ၂နှစ်တိုင်တိုင် မွန်ဂိုးလီးယားနိုင်ငံသားတွေရဲ့ ရိုးရာယဥ်ကျေးမှုကိုကျောင်းဆရာတစ်ဦးထံမှသင်ယူခဲ့ပါ တယ်။ဒါပေမဲ့ သူ့ဆရာက အသက်ရဲ့ မူလအစကိုမဖော်ပြခဲ့ပါတယ်။ကျောင်းဆရာက မြေမှုန့်တွေစုပြီး တော့မှကမ္ဘာမြေကြီးဖြစ် ပေါ်လာတယ်လို့ ပြောပြခဲ့ပါတယ်။

ဒါပေမဲ့ရေ၊လေနဲ့အသက်ရှင်တဲ့အရာတွေအကြောင်းကိုတော့မဖော်ပြခဲ့ပါ။ အဲဒီအမေးအတွက်ကျောင်းဆရာမှာအဖြေမရှိပါ။ဒါပေမဲ့ကျမ်းစာထဲမှာအရာအားလုံ းအတွက်တိကျတဲ့အဖြေရှိခဲ့ပါတယ်။

**ဘိုးလ်** အနေနဲ့ မေးစရာအများကြီးရှိပြီးတော့၊ သူတို့ကိုစပြီးမေးခဲ့ပါတယ်။ အမေရိကန်သာသနာပြုဆရာတွေကလည်းသူ့အမေးကိုကျမ်းစာထဲကနေဖြေပေးခဲ့ကြပါတယ်။ **ဘိုးလ်** အနေနဲ့ ရုရှားဘာသာစကားကိုသူတို့သိလို့ ရုရှားဘာသာကျမ်းစာအုပ်တစ်အုပ်ကို သူ့ ကိုပေးခဲ့ပါတယ်။

အဲဒီအချိန်က မွန်ဂိုးလီးယားဘာသာစကားအားဖြင့်၊ ဓမ္မသစ်ကျမ်းကိုသာ ရနိုင်ပြီး၊ **ဘိုးလ်** အနေနဲ့ သခင်ဘုရားရဲ့နှုတ်ကပတ်တော်အားလုံးကို ဖတ်ရှုလေ့လာခဲ့ပါတယ်။

တတိယဥပုသ်နေ့မှာ၊ဘုရားကျောင်းကသာသနာပြုဆရာတစ်ဦးက၊"သင့်အနေနဲ့ဓမ္မဟောင်းကျမ်းစာထဲမှဖြစ်ရပ်မှန်ဝတ္ထုတွေ၊ကလေးတွေကိုသင်ပေးရင်မကောင်းဘူးလား"ဆိုပြီး ပြောခဲ့ပါတယ်။

**ဘိုးလ်**အနေနဲ့အံ့ဩခဲ့ပါတယ်။တစ်စုံတစ်ယောက်ကိုကျမ်းစာသင်ပေးဖို့အတွက်အရည်အချင်းမရှိဘူးလို့သူခံစားခဲ့မိပါတယ်။သာသနာပြုဆရာအနေနဲ့၊"ကြိုးစား ကြည့်ပါဦး" ဆိုပြီးအားပေးခဲ့ပါတယ်။

အဲဒီစိန်ခေါ်ချက်ကို ဘိုးလ် အနေနဲ့စိတ်ဝင်စားပြီးသဘောတူခဲ့ပါတယ်။

အဲဒီအပတ်မှာ၊ သူ့အနေနဲ့ရုရှားဘာသာစကားနဲ့ဓမ္မဟောင်းကျမ်းကို ဂရုတစိုက်လေ့လာခဲ့ပြီးမွန်ဂိုလီးယားဘာသာစကားနဲ့မှတ်စုတွေရေးခဲ့ပါတယ်။ သောကြာနေ့မှာသာသနာပြုဆရာအိမ်သို့သွားပြီး၊နောက်တစ်နေ့သူအသုံးပြုချင်ခဲ့တဲ့သက္ကလပ်ကျမ်းတွေကို ကောက်ယူခဲ့ပါတယ်။

ဥပုသ်တော်နေ့မှာ၊ဓမ္မဟောင်းကျမ်းမှဝတ္ထုတွေကိုအိမ်ဘုရားကျောင်းမှာအာရုံစိုက်နေတဲ့ဓမ္မပရိသတ်တွေထံမွန်ဂိုးလီးယားဘာသာစကားနဲ့သွားပြောပြခဲ့ပါတယ်။

အိမ်မှာ၊ **ဘိုးလ်**အနေနဲ့ ကျမ်းစာကိုဖတ်ရှုခဲ့ပြီး၊ သူ့အမေးတွေအားလုံးအတွက်အဖြေကို သူတွေ့ရှိခဲ့ပါတယ်။ သူ့အနေနဲ့ သခင်ဘုရားနဲ့၊ နတ်ဆိုးတွေဟာတကယ်ရှိတယ်ဆိုတာနားလည်သဘောပေါက်ခဲ့ပါတယ်။

အကျိုးရလဒ်ကတော့၊ သေဆုံးမှုကအဆုံးမရှိပဲ ယေရှုကို ယုံကြည်သူတွေဟာထာဝရအသက်ရမှာဖြစ်တယ်။သူ့အနေနဲ့"ယောဟန်၃း၁၆-ဘုရားသခင်၏ သား

တော်ကိုယုံကြည်သောသူအပေါင်းတို့သည်.............”ဟုဆိုပြီးဖတ်ရှုခဲ့ပါတယ်။ သူ့အနေနဲ့၊သူ့နှလုံးသားကိုသခင်ယေရှုဆီမှာ ဆက်ကပ်ခဲ့ပါတယ်။

ယခုအချိန်မှာ၊ **ဘိုးလ်** ဟာမွန်ဂိုးလီးယားနိုင်ငံမြော်လင့်ခြင်းအသင်းတော်ရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်ပါတယ်။ သူ့အနေနဲ့တမူထူးတဲ့ ပထမဦးဆုံးမွန်ဂိုးလီးယားနိုင်ငံသားပါစတာဖြစ်ရုံမကပဲ၊ ပထမဦးဆုံး မွန်ဂိုးလီးယားနိုင်ငံသားသိက္ခာရဓမ္မဆရာတစ်ပါးလည်းဖြစ်ပါတယ်။ အင်္ဂလိပ်စကားလည်း ကျွမ်းကျင်စွာ ပြောတတ်ပါ တယ်။

“ကျမ်းစာထဲမှာကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ပြီး၊ အပြစ်လုပ်တဲ့အခါကျွန်ုပ်တို့ကို ကယ်တင်ဖို့အတွက် လာခဲ့တဲ့ချစ်ခြင်းမေတ္တာရှိသောဘုရားအကြောင်းကိုကျွန်တော်သဘောပေါက်ခဲ့ပါတယ်။အဲဒါဟာအရင်ကကျွန်တော်လေ့လာသင်ကြားခဲ့တဲ့တစ်စုံတစ်ရာထက်အယူခံဝင်တာဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ကျမ်းစာကိုအခွင့်အလမ်းတစ်ခုပေးခဲ့လို့ယခုအချိန်မှာကျွန်တော်ဟာ၊ မြော်လင့်ခြင်း အသင်းသားတစ်ဦးဖြစ်တာပါ”ဆိုပြီး သူပြောခဲ့ပါတယ်။

သူ့အဖေဆုံးပြီးတဲ့နောက်မှာဒုက္ခဝေဒနာခံစားခဲ့ရပေမဲ့၊အကျိုးရလဒ်အတွက် သခင်ဘုရားကိုတွေ့ရှိခဲ့တယ်လို့ သူပြောခဲ့ပါတယ်။ “ကျွန်တော့်အသက်တာမှာ အဲ့ဒါဟာ အဆွေးဇာတ်လမ်းဖြစ်ပေမဲ့၊ အရမ်းကောင်းတဲ့အရာနဲ့အဆုံးသတ်ခဲ့ပါတယ်။ သခင်ခရစ်တော်ထံသို့ဆက်ကပ်ခြင်းဖြင့် ကျွန်တော့်အမေးတွေအားလုံးအတွက်အဖြေကိုကျွန်တော်တွေ့ရှိခဲ့ပါတယ်။သခင် ဘုရားဟာ အမြဲတစေကျွန်တော်တို့နဲ့အတူရှိနေပါတယ်” ဆိုပြီး သူပြောခဲ့ပါတယ်။

**ဘိုးလ်**လိုပဲအဖြေတွေအတွက်လိုက်ရှာဖွေနေတဲ့မွန်ဂိုးလီးယားနိုင်ငံသားတွေအတွက် ဆုတောင်းပေးကြပါ။

ဒီက္ကာတာ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေအချို့ကို မွန်ဂိုးလီးယားနိုင်ငံရဲ့မြို့တော် **Ulaanbaat** မှာဇဝံဂေလိတရားကိုဝေငှသက်သေခံဖို့ ကလေးတွေအတွက်

ပြန်ပြီးအားသစ်လောင်းရန်၊ဗဟိုဌာနတစ်ခုဖွင့်လှစ်ရာမှာကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

မတ်လ ၂၉ရက်နေ့၊ ဥပုသ်နေ့မှာသင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## “ယုတ္တိယုတ္တာမရှိတဲ့ အိမ်မက်တစ်ခု”

ဖေဖော်ဝါရီလ(၁၅)ရက်၊ တင်ပြသူ-Eegii, Mongolia နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

စာတည်းရဲ့မှတ်ချက် - ၂၀၁၉ ခုနှစ်မှာမွန်ဂိုးလီယားနိုင်ငံရဲ့တစ်ခုတည်းသော မြော်လင့်ခြင်းအသင်းတော်ကျောင်းဖွင့်လှစ်တည်ထောင်တဲ့အခါ၊ Eegii,ဟာပထမဦးဆုံးကျောင်းဆရာမဖြစ်ပါတယ်။သူ့အနေနဲ့ မွန်ဂိုးလီးယားနိုင်ငံတက္ကသိုလ်တစ်ခုကနေဘွဲ့ရရှိခဲ့ပြီး၊ မြော်လင့်ခြင်းကျောင်းသူ/သား ၁၄ယောက်အဖွဲ့ကို ဆုတောင်းခြင်းဖြင့်၄င်း၊ စိတ်ထက်သန်မှုအားဖြင့် ဦးဆောင်လမ်းပြခဲ့ပါတယ်။ ယခုအချိန်မှာ Tusgal ကျောင်းမှာကျောင်းသားအယောက်၅၀ရှိပါတယ်။ Eegii ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုဟာ အောက် ပါ အတိုင်းဖြစ်ပါတယ်။

Eegii အနေနဲ့မွန်ဂိုးလီးယားနိုင်ငံမြော်လင့်ခြင်းကျောင်းမှာစာသင်ပေးခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကိုယ်တိုင်အတွက် မြော်လင့်ခြင်းပညာရေးတစ်ခုခုကိုလိုခြင်းတောင်းတခဲ့ပါတယ်။သူမအနေနဲ့” သခင်ဘုရားရဲ့မေတ္တာကိုကောင်းသထက်ကောင်းအောင်ကျွန်မဘာယ်လိုပြသလို့ရမလဲ” ဆိုပြီး စဉ်းစားခဲ့ပါတယ်။

နှစ်တွေလွန်သွားခဲ့ပြီး၊ Eegii အနေနဲ့မွန်ဂိုးလီးယားကမြော်လင့်ခြင်းပညာရေးဆိုင်ရာသင်တန်းတွေမှာ တက်ရောက်ခဲ့ပါတယ်။သင်တန်းတွေဟာတိုလို့ သူမအနေနဲ့ပိုပြီးတော့ သင်တန်းတွေကို တက်ချင်ခဲ့မိပါတယ်။

ဖိလိပိုင်နိုင်ငံAIIAS မှာ မဟာဘွဲ့လွန်အတွက် ပညာသင်ကြားနိုင်ရန်သူမဆုတောင်းခဲ့ပါတယ်။
ဒါပေမဲ့သူ့အိပ်မက်ဟာမဖြစ်နိုင်သလိုဖြစ်ခဲ့ပြီး၊ဆယ်နှစ်တိုင်တိုင်သူမဆုတောင်းခဲ့ပါတယ်။

အဲဒါနဲ့ သူ့ဇာတိဖြစ်တဲ့မွန်ဂိုးလီးယားနိုင်ငံပါဝင်တဲ့ အာရှပစိဖိတ်မြောက်ပိုင်း ဒီဗီဇံ **အိုင်အက်စ်** မှာ **Eegii** ပညာသင်ယူဖို့အတွက်အညာသင်ဆုကမ်းလှမ်းခံခဲ့ရပြီး၊ သူမအရမ်းပျော်ရွှင်ခဲ့မိပါတယ်။သူ့ဆုတောင်းချက်တွေကိုဘုရားကနားညောင်းခဲ့ပါတယ်။

ဒါပေမဲ့သူ့အနေနဲ့သူ့ပညာရေးအတွက်ပဲပညာသင်ဆုလက်ခံရရှိမယ်ဆိုရင်၊ ဘာ လုပ်ရမှန်းမသိခဲ့ပါ။ သူ့အိမ်ငှားခအစားအစာနဲ့ အိမ်သုံးပစ္စည်းအတွက် သူမအနေနဲ့ ပေးဆောင်ရဦးမှာဖြစ်တယ်။သူမှာလင်တစ်ဦးနဲ့သူချန်ထားခဲ့လို့မရတဲ့ ကျောင်းတက်အရွယ် သား၂ယောက်လည်းရှိပါသေးတယ်။ ဖိလိပိုင်နိုင်ငံသို့ပျံသန်းမဲ့လေယာဉ်လက်မှတ်တွေလည်းဝယ်ရမှာဖြစ်ပြီး၊ သား၂ယောက်အတွက်ကျောင်းလခလည်းလိုအုံးမှာဖြစ်တယ်။

Eegiiအနေနဲ့ခဏခဏဆုတောင်းခဲ့ပါတယ်။သူ့အိပ်မက်ဟာမဖြစ်နိုင်သလိုဖြစ်ခဲ့ပါတယ်။အဲဒါနဲ့သူ့ခင်ပွန်းနဲ့အတူယုံကြည်မှုအားဖြင့်ခြေလှမ်းစဖို့ဆုံးဖြတ်ခဲ့ပါတယ်။သူတို့ရဲ့ကားနဲ့ပရိဘောဂတွေကိုသူတို့ရောင်းလိုက်ကြပါတယ်။ သူတို့စုထားတဲ့ ပိုက်ဆံနဲ့ပေါင်းထည့်လိုက်တောင်မှ သူတို့အနေနဲ့ ပိုက်ဆံ အလုံအလောက်မရရှိခဲ့ကြပါ။

အဲဒီညမှာ Eegii ဟာစိတ်ပူရင်အိပ်ရာဝင်ခဲ့ပါတယ်။ သူမအနေနဲ့အိပ်ပျော်ရင်း အိပ်မက်တစ်ခုမက်ခဲ့ပါတယ်။

သူ့အိပ်မက်ထဲမှာတံခါးတွေနဲ့ပြတင်းပေါက်တွေမရှိတဲ့အခန်းငယ်ထဲမှာဟိုဟိုဒီဒီ လမ်းလျှောက်နေရင်း ပိတ်မိနေခဲ့ပါတယ်။

ပြီးတော့မှ၊ သခင်ဘုရားက သူ့ကိုစာရွက်အပိုင်းတစ်ပိုင်းပေးခဲ့ပြီး၊" ငါကူညီပါ့မယ်" ဆိုပြီးပြောခဲ့ပါတယ်။ နောက်တခဏအတွင်းမှာ သူမဟာအမိုးမဲ့ကုန်တင်ကားရဲ့အနောက်မှာတစ်ဦးတည်းထိုင်နေခဲ့ပြီး၊လမ်းတစ်လမ်းအတိုင်းခရီးသွားနေခဲ့ပါတယ်။အဲဒီကားငယ်ဟာရထားလမ်းဆုံမှာရပ်ခဲ့ပြီး၊ရထားတစ်စီးကကျော်ဖြတ်သွားခဲ့ပါတယ်။ ပြီးတော့ကား ငယ်နဲ့ခရီးဆက်သွားခဲ့ပါတယ်။ အဲဒါနဲ့ Eegii ဟာနိုးခဲ့ပြီး၊သူ့ရဲ့စိတ်ပူပန်မှုတွေကွယ်ပျောက် သွားခဲ့ပါတယ်။

"ငါကူညီပါ့မယ်" ဆိုတဲ့သခင်ဘုရားရဲ့စကားလုံးတွေဟာ သူ့နားထဲမှာမြည်နေဆဲပါ။ Eegii အနေနဲ့လုံးဝစိတ်မပူတော့ပဲ၊ဘာလုပ်ရမှန်းမသိခဲ့ပါ။သူ့အိပ်မက်ဟာမဖြစ်နိုင်သလို ဖြစ်ခဲ့ပါတယ်။

ရက်အနည်းငယ်ကြာပြီးမှ၊ Eegii အနေနဲ့ဥပုသ်နေ့မှာဘုရားကျောင်းသို့လမ်းလျှောက်ရင်း၊ထူးခြားတဲ့အမြင်အာရုံကသူ့မျက်စိကိုဆွဲဆောင်ခဲ့ပါတယ်။သစ်ပင်ကြီးတစ်ပင်ဟာကားတွေရပ်တဲ့အတန်းတစ်တန်းမှာကြီးထွားလာခဲ့ပါတယ်။သစ်ပင်ရဲ့အမြစ်တွေက ကားရပ်ရာကွန်ကရစ်ပေါ်ကနေပြီး အနက်ကြီးနစ်မြှုပ်နေခဲ့ပါတယ်။

Eegiiအနေနဲ့"ကွန်ကရစ်ပေါ်မှာသစ်ပင်တစ်ပင်ကြီးထွားဖို့ဆိုတာမဖြစ်နိုင်ဘူး"ဆိုပြီးစဉ်းစားခဲ့ပါတယ်။ ချက်ချင်းပဲ၊"ဘုရားသခင်မတတ်နိုင်သောအမှုမရှိ (လုကာ ၁း၃၇)"ဆိုပြီး မာရိထံမှ ကောင်းကင်တမန်ရဲ့စကားလုံးတွေ သူ့စိတ်ထဲမှာ ပေါ်လာ ခဲ့ပါတယ်။

"ကိုယ်တော့်အတွက်ဘာမဆိုဖြစ်နိုင်တယ်ဆိုတာသခင်ဘုရားကကျွန်မကိုပြသနေ တယ်"ဆိုပြီး သူမက စဉ်းစားခဲ့ပါတယ်။

Eegii အနေနဲ့၊သူ့ဆဲလ်ဖုန်းနဲ့ အဲဒီသစ်ပင်ကိုဓါတ်ပုံရိုက်ပြီးတော့၊အသင်းတော်ကသူငယ်ချင်းတွေဆီမှာ ဝန်းပမ်းတသာပြခဲ့ပါတယ်။ သူမအနေနဲ့သူမနဲ့သူ့မိသားစုတို့ဟာ ဖိလိပိုင်နိုင်ငံသွားရမှာကို သံသယဖြစ်စရာမရှိခဲ့ပါ။

အဲဒီအတိုင်းတိကျစွာဖြစ်ပျက်ခဲ့တယ်။နောက်ရက်သတ္တပတ်အနည်းငယ်မှာ Eegiiကလေယာဉ်လက်မှတ်ဝယ်ခဲ့ပြီး၊မွန်ဂိုးလီးယားနိုင်ငံကနေထွက်ခွာခဲ့ပါတယ်။ သခင်ဘုရားကဖိလိပိုင်နိုင်ငံသို့သူ့လမ်းခရီးကိုတောင်ကောင်းချီးချပေးခဲ့ပါတယ်။သူမအနေနဲ့ တူရကီနိုင်ငံ မှာလေယာဉ်ပြောင်းစီးဖို့အတွက် အချိန်၆နာရီရရှိခဲ့ပါတယ်။ အဲဒီမှာနေထိုင်တဲ့သူ့ဆွေမျိုး၂ ဦးနဲ့အတူ သုံးစွဲဖို့အချိန်ရရှိခဲ့ပါတယ်။

"အိုင်အက်စ်"မှာ သူမရောက်ရှိတဲ့အခါ၊ သူ့အိပ်မက်ထဲကကုန်ကားငယ်ရဲ့နောက်မှာ တစ်ဦးတည်းထိုင်ခဲ့သလိုသူမတစ်ဦးတည်း နေခဲ့ရပါတယ်။ဒါပေမဲ့သူမဟာသခင်ဘုရားသူ့ ကိုကူညီမယ်လို့ သူမယုံကြည်ခဲ့ပါတယ်။

သူမအနေနဲ့ဆုတောင်းပြီးစောင့်နေခဲ့ပါတယ်။နောက်၂လကြာတဲ့အခါ၊သူခင်ပွန်းကသူတို့ရဲပိုင်ဆိုင်မှုတွေကိုရောင်းချပြီး၊သူနဲ့သူ့သား၂ယောက်ဟာသူ့ဆီကိုလိုက်သွားဖို့အတွက်ပိုက်ဆံရှိခဲ့ကြပါတယ်။

ယခုအချန်မှာ၊ Eegii အနေနဲ့ပညာရေးဆိုင်ရာမဟာဘွဲ့ကိုသင်ယူရင်း၊ သူတို့မိသားစုလိုက်"အိုင်အက်စ်"မှာရှိနေကြပါတယ်။ သူ့အတွက် အဲဒါထက်ပျော်စရာဘာမှမရှိခဲ့ပါ။ သူမရဲ့ အိပ်မက်ဟာတကယ်ပဲပြည့်စုံခဲ့ပါတယ်။ သူမအနေနဲ့မြော်လင့်ခြင်းပညာရေးကို ရယူပြီး၊ အိမ်ပြန်လာပြီးတော့၊သခင်ဘရားရဲ့ချစ်ခြင်းမေတ္တာကိုဝေငှဖို့မစောင့်နိုင်တော့ပါ။

"ကျွန်မပြသနာထက်သခင်ဘုရားကိုကျွန်မတို့ကြည့်ရှုဖို့ပိုလိုအပ်ပြီး၊ယုံကြည်မှုနဲ့ ကျွန်မတို့ရှေ့ဆက်သွားရမှာဖြစ်တယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

"အီဂျစ်နိုင်ငံကနေ ဣသရေလလူမျိုးတွေထွက်ပြေးတဲ့အခါ၊ ပင်လယ်နီမှာကြောက်လန့်တုန်လှုပ်ရင်းသူတို့ရပ်ခဲ့ကြပါတယ်။ဒါပေမဲ့ယုံကြည်မှုနဲ့ရှေ့သို့ခြေလှမ်းတိုးခဲ့တဲ့အခါ၊ သခင်ဘုရားက အံ့သြစွာနဲ့ရေကိုခွဲခဲ့တာ သူတို့တွေ့မြင်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့၊ ယုံကြည်မှု၊ ဆုတောင်းမှုနဲ့ကျေးဇူးတော်ချီးမွန်းခြင်းအားဖြင့်သခင်ဘုရားနဲ့အတူရှေ့သို့လမ်းလျှောက်ပါ" ဆိုပြီး သူမက ဆက်ပြီးပြောခဲ့ပါတယ်။

မွန်ဂိုးလီးယားနိုင်ငံမှာ တစ်ခုတည်းသော မြော်လင့်ခြင်း အသင်းတော်ကျောင်းဖြစ်တဲ့ Tusgal ကျောင်းမှာပညာသင်ကြားပေးတဲ့ Eegii နဲ့အခြားကျောင်းဆရာတွေအတွက်ဆုတောင်းပေးကြပါ။

လွန်ခဲ့တဲ့ ၁၃ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် အသစ်သော စာသင်ခန်းတွေနဲ့စာ ကြည့်တိုက်အသစ်တစ်ဆောင်ရယ်၊ကျောင်းကိုတိုးချဲ့ရာမှာကူညီပံ့ပိုးသွားမှာ ဖြစ်ပါတယ်။

မတ်လ၂၉ရက်နေ့ဥပုသ်နေ့မှာမြောက်ပိုင်းအာရှပစိဖိတ် ဒီဝီဇံထဲကမွန်ဂိုးလီးယားနိုင်ငံနဲ့အခြားနေရာမှာ ၁၃ ပတ်ဥပုသ်တော်နေ့စီမံကိန်းအတွက် သင်တို့အနေနဲ့အလှူငွေကို ရက်ရောစွာလှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## **“ဖတ်ရှုလေ့လာဖို့ ထိုက်တန်တဲ့စာအုပ်”**

ဖေဖော်ဝါရီလ(၂၂)ရက်၊ တင်ပြသူ-Yu Jin,တောင်ကိုရီးယားနိုင်ငံ၊

Yu Jin ဟာအသက်ကိုးနှစ်အရွယ်မှာသူ့အမေကစာဖတ်ဖို့စာ အုပ်တစ်အုပ်ပေးခဲ့ပါတယ်။

“သင်ကစာအုပ်အများကြီးဖတ်တဲ့အတွက်ဒီစာအုပ်ကိုသင်ဖတ်ရမှာနော်။အဲဒါဟာ ကိုရီးယားနဲ့အင်္ဂလိပ်ဘာသာစကားဖြစ်ပါတယ်။ လေ့လာပါ။ ဖတ်ရှုပါ။ ကောင်းတဲ့စာအုပ် တစ်အုပ်ဖြစ်ပါတယ်” ဆိုပြီး သူမက ပြောခဲ့ပါတယ်။

အဲဒါဟာ အီးဂျီဝိုက်ရေးတဲ့ သေးငယ်တဲ့သုခချမ်းသာလမ်းညွှန်ဖြစ်ပါတယ်။

အဲဒီနေ့ထိတိုင်၊YuJin အနေနဲ့ကိုရီးယားဘာသာစကားစာအုပ်ကိုပဲ ဖတ်ရှုခဲ့ပါတယ်။ဒါပေမဲ့သူ့အမေကအင်္ဂလိပ်ဘာသာကိုပဲသင်စေချင်ခဲ့တယ်။

မိဘစကားကိုနားထောင်တဲ့ Yu Jin အနေနဲ့ချက်ချင်းပဲအဲဒီစာအုပ်ကို စဖတ်ခဲ့ပါတယ်။

အဲဒီစာအုပ်ကိုနေ့တိုင်း၊ တောင်ကိုရီးယားနိုင်ငံမှာ ကျောင်းအသွားအပြန် ဘတ်စ် ကားပေါ်မှာသူမကဖတ်ရှုလေ့လာခဲ့ပါတယ်။

ကျောင်းကနေ့လည်စာစားချိန်မှာလည်းသူမက ဖတ်ရှုလေ့လာခဲ့ပါတယ်။

အင်္ဂလိပ်စာပဟာခက်လွန်းတဲ့အတွက်ချန်ထားခဲ့ပြီး၊ကိုရီးယားဘာသာစကား နဲ့တစ်ပတ်တာအတွင်းမှာ အဲဒီစာအုပ်ကိုအပြီးအပြတ်ဖတ်ရှုခဲ့ပါတယ်။

သူမအနေနဲ့ ဖတ်သမျှကိုနားမလည်ခဲ့ပါ။ ဒါပေမဲ့သူမအနေနဲ့ ရေနှစ်ခြင်းခံဖို့ လိုအပ်တယ်လို့ခံယူခဲ့ပါတယ်။သူ့အမေဆီမှာသွားပြီးတော့၊”ကျွန်မရေနှစ်ခြင်းခံချင် ပါတယ်”ဆိုပြီးပြောခဲ့ ပါတယ်။

ကိုရီးယားလေးတွေက သူတို့အသက်၁၃နှစ်ရောက်တဲ့အခါ၊ နှစ်ခြင်းခံဖို့စပြီး တော့ စဉ်းစားလာခဲ့ပါတယ်။ဒါပေမဲ့ ယူဂျင်း ဟာအသက်ကိုးနှစ်ရှိပြီး၊ ၁၃နှစ်ပြည့်ဖို့ ရန်လေးနှစ်စောင့်ရဦးမှာဖြစ်ပါတယ်။သူမအနေနဲ့စောင့်ဖို့ရန်မပျော်ပေမဲ့၊သူမဟာနား ထောင်တဲ့ကလေးတစ်ယောက်ဖြစ်လို့၊” ဟုတ်ကဲ့ပါ၊ ကောင်းပါတယ်” ဆိုပြီး ပြောခဲ့ ပါတယ်။

အဲဒီနောက်ပိုင်းမှာရေနှစ်ခြင်းခံဖို့အတွက် သူ့အနေနဲ့စကားမပြောတော့ပါ။ အချိန်လွန်သွားသလို့ အရင်ကလိုပဲဥပုသ်နေ့တိုင်းဘုရားကျောင်းသို့သွားခဲ့ပါ တယ်။ ဒါပေမဲ့ ဘုရားသခင်နဲ့နီးစပ်ချင်လို့မဟုတ်ပဲ၊ ပတ်ဖိုင်ဒါနဲ့အခြားပျော်ရွှင်စရာလှုပ်ရှား မှုတွေမှာ ပါဝင်ချင်ခဲ့လို့ပါ။

သူ့အသက် ၁၃ နှစ်မှာ၊ သူ့သူငယ်ချင်းတွေနဲ့အတူ သူမနှစ်ခြင်းခံခဲ့ပါ တယ်။ ဒါပေမဲ့ အသက်ကိုးနှစ်အရွယ်ကလို ခိုင်မာတဲ့ခံယူချက်မရှိတော့ပါ။ ဆယ်ကျော် သက်အရွယ်မှာ၊သူမအနေနဲ့ခရစ်ယာန်မဟုတ်ပဲ သူငယ်ချင်းတွေနဲ့ပိုပြီး အချိန်ဖြုန်းခဲ့ လို့၊ဘုရားအပေါ်သူ့ရဲ့ချစ်ခြင်းမေတ္တာဟာဖြည်းဖြည်းချင်းမေးမှိန်ခဲ့ပါတယ်။သူ့သူငယ် ချင်းတွေလိုပဲစားသောက်ခဲ့ပြီး၊ တကြိမ်မှာတော့ဘုရားကျောင်းတက်တာလွဲချော်ခဲ့

ပါတယ်။ ဥပုသ်နေ့မနက်မှာသူမဟာမောပန်းပြီး ဘုရားကျောင်းသွားချင်တဲ့စိတ်မရှိတော့ပါ။

သူ့စိတ်ထဲမှာ သခင်ဘုရားတကယ်ရှိသလားဆိုတဲ့ သံသယစိတ်ဝင်လာခဲ့ပါတယ်။

တစ်နေ့ကျတော့၊သူ့အသက်၁၆နှစ်အရွယ်ရှိပြီဖြစ်ပြီး၊ တရားပွဲတစ်ခုမှာစေတနာ့ဝန်ထမ်းအနေနဲ့ပါဝင်ကူညီခဲ့ပါတယ်။သူ့အလုပ်ကတော့လက်ကမ်းကြော်ငြာစာတွေကိုဝေငှရင်း လူငယ်တွေကိုတရားပွဲသို့ လာရောက်ရန် ခေါ်ဖိတ်ချင်းပဲဖြစ်ပါတယ်။

တရားပွဲပထမနေ့မှာသူဖိတ်ကြားထားတဲ့လူငယ်တွေတစ်ယောက်မှမလာလို့ သူမ အရမ်းစိတ်ပျက်ခဲ့ပါတယ်။

တရားပွဲမှာ ဦးဆောင်ခဲ့တဲ့ သာသနာပြုဆရာတစ်ဦးကသူ့စိတ်ပျက်တာကိုတွေ့ပြီး၊ သူမနဲ့အတူဆုတောင်းခဲ့ပါတယ်။

နောက်တစ်နေ့တရားပွဲမှာသူခေါ် ဖိတ်တဲ့လူငယ်တွေအများကြီးရောက်လာလို့ **ယူဂျင်း** အရမ်းအံ့သြမိပါတယ်။သူ့နှလုံးသားထဲမှာယုကြည်မှုမီးရောင်ဝင်းလက်ခဲ့ပါတယ်။

အဲဒါနဲ့ တရားပွဲကိုလေ၊မိုးတွေကဖျက်စီးဖို့ခြိမ်းခြောက်ခဲ့ပါတယ်။ သူမအနေနဲ့ဆုတောင်းလိုက်တော့ မိုးလည်းရပ်တန့်သွားပါတယ်။ စီစဉ်ထားတဲ့အတိုင်းတရားပွဲကိုရှေ့ဆက် လုပ်လို့ရခဲ့ပါတယ်။

**ယူဂျင်း** ဟာမြော်လင့်ခြင်းအထက်တန်းကျောင်းမှပြန်လာတဲ့အခါ အသစ်သောပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါတယ်။ သူမအနေနဲ့သောကြာနေ့တိုင်း ဝတ်ပြုမှုမစီအစဉ်ပြီးမှ တွေ့ဆုံခဲ့တဲ့ကျောင်းသားတစ်ဦး ဦးဆောင်သော "ဒူးထောက်သူတွေ"လို့ ခေါ်တဲ့ဆုတောင်းတဲ့အဖွဲ့မှာ စိတ်အားထက်သန်စွာ တက်ရောက်ခဲ့ပါတယ်။သူမကသုချမ်းသာလမ်းညွှန်စာအုပ်တစ်အုပ် ကိုရရှိခဲ့ပါတယ်။

ဒီတစ်ချိန်မှာတော့၊ တစ်ပါတ်အတွင်းအဲ့ဒီစာအုပ်ဖတ်တာ မပြီးပြတ်ခဲ့ပါ။ အခြား ကျောင်းသားတွေနဲ့အတူ အဖွဲ့ မှာတစ်ပတ်တစ်ခါ အခန်းကြီးတစ်ခန်း သူမက ဖတ်ရှုခဲ့ရပါတယ်။ အဲဒါဟာ သူ့အတွက်အဲဒီစာအုပ်ကိုပထမအကြိမ်ဖတ်ရှုခြင်းပဲဖြစ်ပါတယ်။

**ယူဂျင်း** အနေနဲ့ အသက်ကိုးနှစ်အရွယ်မှာ သုခချမ်းသာဖတ်ခဲ့ရလို့အရမ်းပျော်ခဲ့ပါတယ်။

"အဲဒီစာအုပ်ကိုပထမအကြိမ်စဖတ်တဲ့အခါ၊ သခင်ယေရှုနောက်တော်လိုက်ဖို့နဲ့နှစ်ခြင်းခံဖို့အတွက်ကျွန်မရဲ့နှလုံးသားဟာအလွန်နက်ရှိုင်းခဲ့ပါတယ်" ဆိုပြီးသူမက ပြောခဲ့ပါတယ်။ အဲဒီစာအုပ်ကိုသူမအနေနဲ့ပြန်ဖတ်ရှုခဲ့ရလို့ ပိုပြီးတော့ ဝမ်းသာခဲ့ပါတယ်။

"သခင်ယေရှုဟာကေန်မုချပြန်လာမှာပါ" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ယူဂျင်း အနေနဲ့ တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ် မှာ၊အားကစားရုံတစ်ရုံနဲ့သာသနာပြုသင်တန်းဌာနဖွင့်လှစ်တည်ထောင်ဖို့အတွက်၊ ဒီ၁၃ ပတ်ရဲ့ ဥပုသ်နေ့ အလှူငွေတစ်ချို့ကိုရယူသွားမှာဖြစ်ပါတယ်။ Hankook Sahmyook ပညာသင်ကြား လျက်ရှိပါတယ်။

မတ်လ ၂၉ ရက်နေ့၊ ဥပုသ်နေ့မှာ သင်တို့အနေနဲ့ အလှူငွေကိုရက်ရောစွာ လှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## "မုန်တိုင်းထန်မှုကြားမှာ ဆုတောင်းနေတယ်"

မတ်လ(၁)ရက်၊ တင်ပြသူ-သာသနာလှုပ်ရှားမှုသင်တန်းကျောင်း၊တောင်ကိုရီးယားနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

ဒီ ၁၃ ပတ်ဥပုသ်နေ့စီမံကိန်းတွေထဲက တစ်ခုဟာ တောင်ကိုရီးယားမှာသာ သနာပြုဆရာတွေလာဖို့အတွက်ကလေးနဲ့ဆယ်ကျော်သက်လူငယ်တွေကို လေ့ကျင့်

သင်ကြားပေးရမှာဖြစ်ပါတယ်။ဒီစီမံကိန်းကတောင်ကိုရီးယားနိုင်ငံရဲ့မြို့တော် ဆိုးလ်မှာအလယ်တန်း ကျောင်းနဲ့အထက်တန်းကျောင်းတွေပါဝင်တဲ့ Hankook Sahmyook သာသနာ့လှူပ်ရှားမှုသင်တန်းကျောင်းမှာ သာသနာပြု ဆရာသင်တန်းဌာနတစ်ခုဖွင့်လှစ်ဖို့မျှော်မှန်းထားပါတယ်။

သာသနာပြုဆရာ သင်တန်းအစီအစဉ်တွေဟာ တောင်ကိုရီးယားနိုင်ငံမှာ မြော်လင့်ခြင်းအသင်းသားတွေရဲ့အသက်တာအတွက် အဓိက အရေးပါတဲ့အရာဖြစ်ပါတယ်။ ဒီတပတ်ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုဟာသာသနာ့လှူပ်ရှားမှု သင်တန်းကျောင်းလို့ခေါ်တဲ့အစီအစဉ်မှာပါဝင်ခဲ့တဲ့ ကိုရီးယားနိုင်ငံ ဆယ်ကျော်သက်လူငယ် ၁၉ယောက်အဖွဲ့နဲ့ပတ်သက်နေပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ တောင်ကိုရီးယားနိုင်ငံသား ဆယ်ကျော်သက်သာသနာပြုအဖွဲ့ဟာပြင်းထန်တဲ့မိုးကြိုးမုန်တိုင်းနဲ့ရင်ဆိုင်ခဲ့ရပါတယ်။

ဆယ်ကျော်သက်လူငယ်တွေ(၁၄-၁၇)နှစ်တို့ဟာ၊သာသနာ့လှူပ်ရှားမှုသင်တန်းကျောင်းလို့ခေါ်တဲ့တစ်နှစ်တာသာသနာပြုဆရာသင်တန်းအစီအစဉ်မှာ ပါဝင်တဲ့အခါ၊ မိုးကြိုးမုန်တိုင်းအတွက်ပြင်ဆင်မှုမရှိခဲ့ကြပါ။

ဒီအစီအစဉ်တစ်ပိုင်းကတော့၊နိုင်ငံတကာသာသနာ့ခရီးတိုတစ်ခုမှာ သူတို့ပါဝင်ဖို့အတွက်လိုအပ်ခဲ့ပြီး၊တရားဟောမဲ့တောင်ကိုရီးယားနိုင်ငံသားပါစတာတစ်ဦးရဲ့ လမ်းညွှန်မှုအားဖြင့် ပြုလုပ်တဲ့တရားပွဲမှာကူညီပေးဖို့ဝေးလံတဲ့ကျွန်းသို့သူတို့လာရောက်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့၊သူတို့ရဲ့ပထမဆုံးညမှာ၊သူတို့ရဲ့အစီအစဉ်ကိုဖျက်စီးဖို့မုန်တိုင်းကခြိမ်းခြောက်ခဲ့ပါတယ်။

ယောကျ်ားလေး၁၁ယောက်က၊သဲများတဲ့ကမ်းခြေပေါ်မှာဆောက်ထားတဲ့ ကွန်ကရစ်ကြမ်းပြင်ပေါ်က မိုးကာတဲထဲမှာ အိပ်ပျော်နေကြပါတယ်။ မိန်းကလေး

၈ ယောက်ကတော့၊အနီးအနားကသက်ကယ်နဲ့မိုးထားတဲ့အိမ်တစ်အိမ်မှာအိပ်ပျော် နေကြပါတယ်။

အဲဒီညဟာ ပြိုးပြိုးပြက်ပြက်မီးရောင်ကလွဲပြီးမှောင်မဲနေခဲ့တယ်။မိုးရွာပြီး၊ လေအရမ်းတိုက်ခဲ့ပါတယ်။ ဘုရားကျောင်းအဆောက်အအုံက တံခါးတွေနဲ့ပြတင်း ပေါက်တွေမရှိလို့၊ တဲတွေထဲမှာနေတဲ့ ယောကျ်ားလေးတွေဟာထိန်းမရအောင်တုန် ရီနေခဲ့ကြပါတယ်။

ပြီးတော့မှ တောင်ကိုးရီးယားနိုင်ငံသားပါစတာဟာ ယောကျ်ားလေးတွေကို လိုက်နိုးခဲ့ပါတယ်။

"အခြေအနေကအရမ်းဆိုးနေတယ်။ကျွန်တော်တို့ထပြီးဆုတောင်းရမှာ"ဆို ပြီးတဲတစ်ဆောင်ထဲကယောကျ်ားလေး၂ယောက်ကို သူပြောပြခဲ့ပါတယ်။

ပါစတာအနေနဲ့ နောက်တဲထဲကယောကျ်ားလေးတွေကိုနှိုးဖို့နဲ့သက်ကယ်မိုး နဲ့အိမ်ထဲမှာဆုတောင်းဖို့ ၊အားလုံးကိုစုရုံးဖို့အသပေးဖို့သူတို့ကိုဟေခိုင်းခဲ့ပါတယ်။

အဲဒီအတောအတွင်းမှာ၊သာသနာ့အစီအစဉ်ညွှန်ကြားရေးမှူးကဆင်တူတဲ့သ တင်းပေးချက်နဲ့သက်ကယ်မိုးအိမ်ထဲကမိန်းကလေးတွေကိုနှိုးခဲ့ပါတယ်။

မကြာခင်မှာပဲ၊ဆယ်ကျော်သက်လူငယ်တွေက သက်ကယ်မိုးအိမ်မှာစုရုံးခဲ့ ကြပါတယ်။ ပြင်းထန်တဲ့မုန်တိုင်းကြောင့်အဆောက်အအုံရဲ့နံရံတွေတုန်လှုပ်ခဲ့တယ်။

အဲဒီအချိန်ဟာမနက်လေးနာရီဖြစ်ပြီး၊မိုးသက်မုန်တိုင်းရပ်စေဖို့အတွက်သ ခင်ဘုရားထံမှာဆုတောင်းခဲ့ကြပါတယ်။ သူတို့အနေနဲ့လေတိုက်တဲ့အချိန်၊လျှပ်စီး လက်တဲ့အချိန်၊မိုးရွာတဲ့အချိန်မှာပဲ ၂နာရီကြာဆုတောင်းခဲ့ကြပါတယ်။ ပါစတနာအ နေနဲ့အဖွဲ့ထဲ မှလူတိုင်းရဲ့အပြစ်တွေကိုခွင့်လွှတ်ဖို့အတွက် သခင်ဘုရားထံတောင်းဆို ခဲ့ပါတယ်။ဆယ်ကျော်သက်လူငယ်တွေက သီချင်းတွေသီဆိုခဲ့ကြပါတယ်။ တစ် ယောက်ချင်းကိုယ်စီဆုတောင်းမှုအတွက်အချိန် ယူခဲ့ကြပါတယ်။ ပါစတနာအနေနဲ့

မိုး သက်မုန်တိုင်းထဲမှာခိုလှုံရာဖြစ်တဲ့သခင်ဘုရားအကြောင်းကို ထိရောက်စွာနဲ့တို တိုလေးဟောခဲ့ပါတယ်။

မနက်၆နာရီအချိန်မှာ မုန်တိုင်းဟာတဖြည်းဖြည်းနဲ့ငြိမ်သက်သွားခဲ့ပါတယ်။

ပါစတာကဆယ်ကျော်သက်လူငယ်တွေကိုအိပ်ရာဝင်ဖို့ပြောခဲ့ပါတယ်။သူ တို့အတွက်ကျွန်းပေါ်မှာ ပထမညဖြစ်တာကိုသိမြင်ခဲ့ပြီးတော့၊တစ်နေကုန်သူတို့ခြေ ကုန်လက်ပန်းကျလွန်းလို့ သူ့အနေနဲ့မဖြစ်စေချင်ခဲ့ပါ။

နောက်၂နာရီအချိန်မှာ၊လူတိုင်းနိုးထတဲ့အခါကောင်းကင်ပြာကြီးဟာတောက် ပဝင်းလက်နေခဲ့ပါတယ်။

လေမုန်တိုင်းက ကျန်ခဲ့တဲ့တစ်ပတ်တာအတွက် အခြေအနေဖွင့်ပေးခဲ့ပါ တယ်။ သာသနာ့ခရီးတိုဟာဆုတောင်းတဲ့ရာသီဖြစ်လာခဲ့ပါတယ်။မိုးရွာတဲ့အခါတိုင်း မှာ၊လူတိုင်းဒူးထောက်ပြီး ဆုတောင်းခဲ့ကြပါတယ်။ညနေတိုင်းတရားပွဲတက်ရောက် ဖို့ခေါ် ဖိတ်ခဲ့တဲ့စိန်ခေါ်မှုကိုရင်ဆိုင်ရတဲ့အခါ၊ လူတိုင်းဒူးထောက်ဆုတောင်းခဲ့ကြပါ တယ်။

သာသနာ့ခရီးတိုအစီအစဉ်မှာတောင်ကိုရီးယားနိုင်ငံက၊အိမ်မှာရေပိုက်က ရေဖွင့်တာရယ်၊နွေးတဲ့အိမ်သာထိုင်ခုံတွေနဲ့အဆင်ပြေခဲ့တဲ့ ဆယ်ကျော်သက်လူငယ် တွေအတွက် ထိတ်လန့်မှုတွေရှိခဲ့ပါတယ်။ ကျွန်းပေါ်မှာကျတော့၊သူတို့ကိုယ်တိုင် အိမ်သာအတွက်ဂေါ် ပြားနဲ့တွင်းတူးခဲ့ပြီး၊အပြင်မှာရေပုံးနဲ့ဒါမှမဟုတ် ပင်လယ်မှာ ရေချိုးခဲ့ကြပါတယ်။ ဘယ်သူမှမညည်းညူခဲ့ပါ။

ညနေတိုင်း၊ဆယ်ကျော်သက်လူငယ်တွေဟာသမ္မာကျမ်းစာလေ့လာဖို့၊တစ် နေ့တာလှုပ်ရှားမှုတွေဆွေးနွေးမှုနဲ့အသက်တာ၊အစားအစာနဲ့သာယာတဲ့ရာသီဥတုအ တွက်သခင်ဘုရားအပေါ်ကျေးဇူးတော်ချီးမွမ်းဖို့အတွက်၊မပြီးပြတ်သေးတဲ့ဘုရား ကျောင်းအဆောက်အအုံနားမှာ စုရုံးခဲ့ကြပါတယ်။

သာသနာ့ခရီးတိုအစီအစဉ်အဆုံး၊ပင်လယ်ထဲမှာလူ၇ယောက်နှစ်ခြင်းခံခဲ့ကြပါတယ်။ သူတို့က ဌာနေအသင်းတော်က၊ အသင်းသားတွေနဲ့အတူ၊ သမ္မာကျမ်းစာသင်ယူလေ့လာခဲ့ကြပြီး တရားပွဲအတွင်းမှာနှစ်ခြင်းယူဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။

လူ၇ယောက်ဟာ ခရစ်တော်ထံဆက်ကပ်ခဲ့ကြလို့၊ဆယ်ကျော်သက်လူငယ်တွေပျော်ခဲ့ကြပါတယ်။ တောင်ကိုရီးယားနိုင်ငံက သူတို့ပြန်လာခဲ့ကြပြီး၊ ယေရှုအတွက် ရာသက်ပန်သာသနာပြုဆရာတွေဖြစ်ဖို့ စိတ်အားထန်သက်မှုကိုဖော်ပြခဲ့ကြပါတယ်။

ဒီကွာတာရဲ့ဥပုဒ်အလှူငွေအချို့ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ် မြို့က Hankook Sahmyook အထူးပညာသင်ကျောင်းမှာ သာသနာပြုဆရာတွေ ဖြစ်လာဖို့ ကျောင်းသားတွေကိုသင်ကြားလေ့လာပေးရာမှာအသုံးပြုမှာဖြစ်ပါတယ်။

မတ်လ ၂၉ ရက်နေ့၊ ဥပုသ်နေ့မှာ သင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## "ကျွန်တော်ဒီလိုအသက်ရှင်လို့မရပါ"

မတ်လ(၈)ရက်၊ တင်ပြသူ-Jin-seok တောင်ကိုရီးယားနိုင်ငံ၊

Jin-seok ဟာသူ့အဖေဆုံးတဲ့အချိန်မှာအသက်၂နှစ်ပဲရှိပါသေးတယ်။သူ့အဖေအကြောင်းကိုဘာတစ်ခုမှ သတိမရခဲ့ပါ။

သူ့အဖေဟာတောင်ကိုရီးယားနိုင်ငံမှာ မြော်လင့်ခြင်းပါစတာတစ်ဦးဖြစ်ပြီး၊ သူ့အမေကတော့ Jin-seokနဲ့သူ့ ညီကိုမြှောက်ပင့်ခဲ့ပါတယ်။ Jin-seok ဆယ်ကျော်သက်အရွယ်ကိုရောက်တဲ့အထိ သူ့အမေရဲ့ယုံကြည်မှုဟာ သူ့ယုံကြည်မှုဖြစ်ခဲ့တယ်။

အဲဒီနောက် Jin-seokအနေနဲ့ မိမိကိုယ်ကိုစဉ်းစားပြီး သခင်ဘုရားကိုယုံကြည်ဖို့ သူငြင်းဆိုခဲ့ပါတယ်။

သူက၊"ဘုရားရှိတယ်ဆိုရင်ဘာဖြစ်လို့ သူ့အဖေသေဆုံးဖို့ခွင့်ပြုတာလဲ" ဆိုပြီး စဉ်းစားခဲ့ပါတယ်။

"ဘုရားရှိတယ်ဆိုရင်ကျွန်တော့်ကိုလည်းသတ်လိုက်စမ်းပါ။ကျွန်တော်ဒီလိုအသက်ရှင်လို့မရဘူး" ဆိုပြီး ယောက်ျားလေးကသခင်ဘုရားကို ပြောပြခဲ့ပါတယ်။

သူအသက်၁၅နှစ်အရွယ်ရောက်တဲ့အခါ၊ Jin-seokအနေနဲ့လုံလောက်ပြီလို့ ဆုံးဖြတ်ခဲ့ပြီး၊မိသားစုဝတ်ပြုချိန်မှာရုတ်တရက်မတ်တပ်ရပ်ခဲ့ပါတယ်။ကျမ်းစာအုပ်ကိုနှစ်ပိုင်းဖြစ်အောင်စုတ်ဖြဲခဲ့ပါတယ်။

"အမေရယ်၊ကျွန်တော့်ကိုဘုရားကိုယုံဖို့မပြောနဲ့"ဆိုပြီးသူကပြောခဲ့ပါတယ်။

အဲဒီလိုနဲ့၊သူကျောင်းမတက်တော့တဲ့အပြင်၊အိမ်ကနေထွက်သွားခဲ့ပါတယ်။

Jin-seokဟာဆယ်နှစ်တိုင်ဆေးလိပ်သောက်အရက်သောက်ခဲ့တဲ့အပြင်၊ လောကဆန်တဲ့သူငယ်ချင်းတွေနဲ့ပေါင်းခဲ့ပါတယ်။သူ့ကကျမ်းစာအုပ်ဆိုတာသူ့မှာမရှိဘူး။အထူးသဖြင့်မြော်လင့်ခြင်းအသင်းသားတွေကို မုန်းတီးခဲ့ပါတယ်။

တစ်နေ့မှာ၊တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်က မြော်လင့်ခြင်းတက္ကသိုလ်ရဲ့ဝန်းထဲမှာ၊အမှတ်တမဲ့ရောက်သွားခဲ့တယ်။ Sahmyookတက္ကသိုလ်ကစီးပွားရေးလုပ်ငန်းရှိတဲ့သူငယ်ချင်းတစ်ယောက်နောက်ကို လိုက်ခဲ့တာပါ။

သူ့သူငယ်ချင်းကိုစောင့်နေရင်းသူဆေးလိပ်သောက်ချင်ခဲ့ပါတယ်။တက္ကသိုလ်ဝန်းထဲမှာဆေးလိပ်သောက်တာတားမြစ်ထားပါတယ်။ ဒါကြောင့်အဖမ်းမခံရအောင် ဆေးလိပ်သောက်လို့ရတဲ့နေရာကိုရှာဖွေခဲ့ပါတယ်။

ဝေးလံတဲ့နေရာတစ်ခုမှာပန်းခြံကိုရှာတွေ့ခဲ့ပြီး၊ခုံရှည်တစ်လုံးပေါ်မှာထိုင်ရင်းနဲ့ဆေးလိပ်သောက်ခဲ့ပါတယ်။

သူဆေးလိပ်သောက်ရင်းနဲ့၊အနီးအနားကိုကြည့်လိုက်တော့ကျောက်ပြားတစ်ပြားပေါ်မှာကျမ်းချက်တစ်ခုကိုပန်းပုထုထားတာတွေ့ရပါတယ်။ချက်ချင်းပဲသူဟာတက္ကသိုလ်ရဲ့ပန်းခြံထဲမှာရှိနေတာကိုသဘောပေါက်ခဲ့ပါတယ်။သူ့နှလုံးသားထဲ

မှာစိတ်ခံစားမှုကလွှမ်းမိုးခဲ့ပါတယ်။သူ့အဖေကိုသတိမရခဲ့ပေမဲ့၊အဲဒီတက္ကသိုလ်မှာပဲ သူ့အဖေအနေနဲ့ပါစတာတစ်ဦးဖြစ်လာဖို့ပညာသင်ခဲ့တာကိုသူသတိရခဲ့ပါတယ်။အဲဒီ ဆုတောင်းရာပန်းခြံထဲမှာ အဖေဆုတောင်းခဲ့တယ်ဆိုတာ သေချာခဲ့ပါတယ်။

ပြီးတော့မှ၊ Jin-seokအနေနဲ့သူ့အမေကိုစိတ်ထဲမှာစဉ်းစားမိခဲ့ပါတယ်။သူ့ အမေဟာဖျားနာပြီးမကြာခင်သေရတော့မှာကို၊ သူများတွေ၊သူ့ဆီမှာလာပြောပြတာ ကို သူသတိရမိပါတယ်။

သူ့အသက်၂နှစ်အရွယ်မှာ အဖေသေဆုံးခဲ့ပြီး၊ ယခု သူအသက်၂၅နှစ်အရွယ် မှာအမေဟာ သေလုမြောပါးဖြစ်ခဲ့လို့ သူ့နှလုံးသားကိုပူဆွေးမှုကလွှမ်းမိုးခဲ့ပါတယ်။

"ကျွန်တော်ဒီလိုအသက်ရှင်လို့မရပါဘူး"ဆိုပြီးရုတ်တရက်သူပြောခဲ့ပါတယ်။

Jin-seokအနေနဲ့သူ့အမေအတွက် ဝမ်းနည်းခဲ့ပါတယ်။"အမေကသူ့ခင်ပွန်း ကိုဆုံးရှုံးခဲ့ပါတယ်။သူ့မှာသား၂ယောက်ရှိပေမဲ့၊ ကျွန်တော့်ကိုလဲဆုံးရှုံးခဲ့ရတယ်။ကျွန် တော်ကသူ့နှလုံးသားကို ကျိုးပဲ့စေခဲ့ပါတယ်။ယခုအချိန်မှာသူမဟာသေတော့မှာ"ဆို ပြီး သူစဉ်းစားခဲ့ပါတယ်။

သူ့ပါးပြင်ပေါ်မှာမျက်ရည်တွေ ကျခဲ့ပါတယ်။

တက္ကသိုလ်ရဲ့ ဆုတောင်းရာပန်းခြံမှာ၊ သူစီးကရက်သောက်ရင်းနဲ့၊ သခင်ဘု ရားဆီမှာပထမအကြိမ်ဆုတောင်းခဲ့ပါတယ်။

"သခင်ဘုရား၊ကိုယ်တော်တကယ်ရှိရင်ကျွန်တော့်ကိုကူညီပါ။ကျေးဇူးပြုပြီး အမေ့ကိုကူညီပါ။ဒါဆိုရင်ကျွန်တော့်နှလုံးသားနဲ့အသက်တာကိုကိုယ်တော့်ထံဆက် ကပ်ပါ့မယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ဆုတောင်းပြီးတဲ့နောက်မကြာခင်မှာပဲ၊ အမေဟာနေကောင်းလာပြီး၊ Jin-seok အနေနဲ့သူ့ကတိအတိုင်းသစ္စာစောင့်သိခဲ့ပါတယ်။သူ့အဖေလိုပဲပါစတာဖြစ်လာခဲ့ပါ တယ်။ သူ့အဖေလိုပဲ Sahmyook တက္ကသိုလ်ကနေဘွဲ့ရခဲ့ပါတယ်။ အမေအရမ်းပျော်ခဲ့ ပါတယ်။

ဖြစ်ရပ်မှန်ကမဆုံးသေးပါ။ Jin-seok အနေနဲ့အိမ်ထောင်ပြုပြီးတော့၊သမီးတစ်ယောက်ထွန်းကားခဲ့ပြီး၊ယခုအချိန်မှာအမေတစ်ဦးတည်း ယောက်ျားလေး ၄ယောက်ကိုမစမြှောက်ပင့်ခဲ့ပါတယ်။အဖေမပါပဲသူဘယ်လိုကြီးပြင်းခဲ့ရလဲဆိုတာ၊သူသတိရလို့တောင်ကိုရီးယားနိုင်ငံရဲ့ကျေးလက်ကသူပါစတာလုပ်ခဲ့တဲ့အသင်းတော်မှ၊အသင်းသားတွေရဲ့ကူညီမှုအားဖြင့် ယောကျာ်းလေး၄ယောက်ကို စတင်ပြုစုစောင့်ရှောက်ခဲ့ပါတယ်။

ယခုအချိန်မှာဆယ်ကျော်သက်လူငယ်တွေဖြစ်ကြတဲ့၊ယောကျာ်းလေးတွေဟာ Jin-seok ရဲ့မေတ္တာကိုသိမြင်ခဲ့ကြပြီး၊သူတို့ကိုသိပ်ချစ်တဲ့ကောင်းကင်ကအဖေရှိဒါကိုသိမြင်ပြီး၊သူတို့အရွယ်မှာ Jin-seok လုပ်ခဲ့တာထက်ထူးခြားတဲ့အသက်တာနဲ့သူတို့အသက်ရှင်ခဲ့ကြပါတယ်။ ယောကျာ်းလေး၄ယောက်ဟာ နှစ်ခြင်းခံခြင်းအားဖြင့်၊ သူတို့နှလုံးသားကို ယေရှုထံဆက်ကပ်ခဲ့ကြပါတယ်။

Jin-seok အနေနဲ့ ဆိုးလ် မြို့ကမြော်လင့်ခြင်းအထက်တန်းကျောင်းမှာ၊တစ်နေ့ကျရင်သူတို့ကိုပို့ဖို့အတွက်မျှော်လင့်ခဲ့ပါတယ်။သူတို့ဟာသာသနာပြုဆရာတွေဖြစ်လာလိမ့်မယ်လို့ သူမျှော်လင့်ခဲ့ပါတယ်။

"ကျွန်တော်ဒီလိုအသက်ရှင်လို့မရဘူး" ဆိုပြီးပြောခဲ့တဲ့နေ့ရက်က လွန်သွားပါပြီ။သခင်ဘုရားနဲ့အတူအသက်ရှင်ရတာထိုက်တန်တယ်ဆိုတာသိမြင်ခဲ့ပြီး၊မကြာခင်သခင်ယေရှုကြွဆင်းလာချိန်မှာ သူ့အဖေနဲ့တွေ့ဆုံဖို့မျှော်လင့်ခဲ့ပါတယ်။

ဒီ ၁၃ပတ်ရဲ့ ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် Jin-seok အနေနဲ့သူ့မွေးစားသားလေးတွေကိုပို့မဲ့ ဆိုးလ်မြို့က Sahmyook အထူးပညာရပ်သင်တန်းကျောင်းသို့ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

သင်တို့ရဲ့၁၃ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် ကျောင်းကသာသနာပြုဆရာသင်တန်းတစ်ခုနဲ့အားကစားရုံဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာ ဖြစ်ပါတယ်။

မတ်လ ၂၉ ရက်နေ့၊ ဥပုသ်နေ့မှာ သင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူ ဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## “သခင်ဘုရားရဲ့နှုတ်ကပတ်တော် သိုလှောင်နေတယ်”

မတ်လ (၁၅)ရက်၊ တင်ပြသူ-Olivia,တောင်ကိုရီးယားနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

ဒီကွာတာမှာ၊မြောက်ပိုင်းအာရှဒီဗီဇံအနေနဲ့ တောင်ကိုရီးယားနိုင်ငံက Sahm – yook သာသနာ့လုပ်ရှားမှုသင်တန်းကျောင်းမှာ သာသနာပြုဆရာသင်တန်းဌာနတစ်ခု ဖွင့်လှစ်ဖို့ မျှော်မှန်းထားတဲ့၁၃ပတ် ဥပုသ်တော်နေ့စီမံကိန်းတစ်ခုအားဖြင့် သာသနာပြုဆရာတွေဖြစ်လာဖို့ ကလေးတွေကိုသင်ကြားလေ့ကျင့်ပေးဖို့အတွက်အဓိကအသားပေးထားပါတယ်။တောင်ကိုရီးယားမိခင်တစ်ဦးအနေနဲ့ ကလေးတွေသာသနာပြုဆရာဖြစ်လာဖို့ အိမ်ကစတင်တယ်လို့ပြောခဲ့ပါတယ်။သူ့အနေနဲ့သူ့သားက စတင်စကားပြောတဲ့အခါ သူ့သားကိုသင်ကြားလေ့ကျင့်ပေးခဲ့တယ်။ဒီဖြစ်ရပ်မှန်ဟာ Olivia အနေနဲ့သူ့ကလေးတွေရဲ့နှလုံးသားထဲမှာ သခင်ဘုရားရဲ့နှုတ်ကပတ်တော်ကိုအခိုင်အမာတည်ဆောက်ထားတဲ့အကြောင်း၊ ပြောခြင်းပဲဖြစ်တယ်။

ဒါဝိဒ်ဟာ အသက်၁၈လအရွယ်ရောက်တဲ့အခါ၊သူ့အမေဟာသေးငယ်တဲ့စာအုပ်လေးအုပ်ကို သူ့ဆီမှာဖတ်ပြဖို့စတင်ခဲ့တယ်။ စာအုပ်တိုင်းမှာ ပုံရိုးရိုးလေးတွေနဲ့ သမ္မာကျမ်းစာထဲက သတင်းစကားတွေပါဝင်ခဲ့ပါတယ်။ ပထမစာအုပ်ထဲမှာ ဆာလံအခန်းကြီး၁၊ ဒုတိယမှာ မဿဲ၅း၃-၁၂၊တတိယမှာ ယောဟန် ၁၄း၁-၄နဲ့စတုတ္ထမှာ ၁ကော ၁၃ တို့ပါဝင်ပါတယ်။

အမေဟာ မနက်ဘက်ဒါဝိဒ်နိုးလာတဲ့အခါ အဲဒီစာအုပ်တွေကို ဖတ်ပြခဲ့ပါတယ်။ သူမအနေနဲ့ညအိပ်ရာဝင်တဲ့အခါဖတ်ပြခဲ့ပြီး နေ့အချိန်မှာလဲဖတ်ပြခဲ့ပါတယ်။

တစ်လအတွင်းမှာပဲ စကားစပြောတဲ့ဒါဝိဒ်လေးဟာ စာအုပ်၄အုပ်စလုံးကို အလွတ်ရွတ်ဆိုနိုင်ခဲ့တယ်။ ယခုအချိန်မှာ ဒါဝိဒ်ဟာအသက်၇နှစ်ရှိပါပြီ။ ကျမ်းချက်ပေါင်း ၃၅၀ကနေ၄၀၀ကြားအလွတ်ရွတ်နိုင်ခဲ့ပါတယ်။

ဒါဟာဘယ်လိုဖြစ်လို့လဲ.....။

ဒါဝိဒ် ရဲ့အမေ အိုလီဗီယာကင်ဟာမွေးစားကလေး၄ယောက်ကို၊ကျမ်းချက်တွေအလွတ်ရွတ်ဆို၊ ဖတ်တတ်၊ ရေးတတ်အောင်သင်ပေးခဲ့တဲ့ သူ့ယောက္ခမကြောင့်တက်ကြွခဲ့ပါတယ်။

အိုလီဗီယာအနေနဲ့ ကလေးတွေရဲ့နှလုံးသားကို သမ္မာကျမ်းစာက ဘယ်လိုပြောင်းလဲစေခဲ့လဲဆိုတာ၊ တိုက်ရိုက်မြင်တွေ့စေခဲ့တဲ့အခါ၊ သူမကိုနက်ရှိုင်းစွာထိတွေ့စေခဲ့ပါတယ်။ သူမအနေနဲ့ အမေတစ်ဦးဖြစ်လာတဲ့အခါ၊ သူ့သားအတွက်အဲဒီပုံစံလိုပဲလုပ်ချင်ခဲ့ပါတယ်။ ဒါကြောင့်မို့၊သူ့ယောက္ခမလုပ်သလို သူမအနေနဲ့လည်းသေးငယ်တဲ့စာအုပ်လေးအုပ်ကို သူ့သားဆီမှာစတင်ဖတ်ပြခဲ့ပါတယ်။

သူဖတ်ပြနေရင်း ဒါဝိဒ်ရဲ့ မျက်စိကပုံတွေကိုကြည့်နေပြီး၊သူ့နားကအမေ့အသံကိုနားထောင်ခဲ့ပါတယ်။သူ့အနေနဲ့ဘာတစုံမှမပြောခဲ့ပါ။သူမဖတ်တတ်ခဲ့ပါ။ဒါပေမဲ့တစ်လကြာပြီးတဲ့နောက် စာအုပ်လေးအုပ်လုံးကို သူအလွတ်ရွတ်နိုင်ခဲ့ပါတယ်။

အမေ့အနေနဲ့ ပုံတစ်ခုပြခဲ့တဲ့အခါ၊ အဲဒီစာမျက်နှာပေါ်ကစာလုံးတွေကိုသူမှတ်မိခဲ့ပြီး၊ထပ်ပြောခဲ့ပါတယ်။အမေ့အနေနဲ့အံ့သြပြီးနှစ်ထောင်းအားရခဲ့ပါတယ်။

အမေဟာ ဆာလံ ၁၂၁၊ဝတ်ပြုရာကျမ်း၆း၄-၉၊ထွက် ၂၀ ထဲကပညတ်တော်ဆယ်ပါး၊တရား ၂၈ ထဲက ကောင်းချီးမင်္ဂလာတွေနဲ့ကျိန်ခြင်းအမင်္ဂလာတွေကို မနက်ပိုင်း မိနစ်၂၀-၃၀ကြား၊ညပိုင်း မိနစ်၂၀-၃၀ကြား၊ နေ့အချိန်မှာလဲ ဒါဝိတ် ဆီမှာဖတ်ပြခဲ့ပါတယ်။ သူကအဲဒီစာအုပ်လေးအုပ်စလုံးကို အအလွတ်ရွတ်ဆိုလို့ရခဲ့ ပါတယ်။

ဒါဝိတ် နဲ့အမေတို့ဟာ နေ့တိုင်းပဲအသက်တာမှာ ကျမ်းချက်တွေအပေါ် မှီခိုအားထားခဲ့ပါတယ်။ တစ်ကြိမ်ကြိမ်မှာ ကျောင်းဆရာမအနေနဲ့ အားလပ်ချိန်မှာကာ

တွန်းဗီဒီယိုတွေပြသတဲ့မူလတန်းကျောင်းမှာ ဒါဝိတ် ကျောင်းတက်ခဲ့တယ်။ နာမည်ကြီးတဲ့ ကိုရီးယားကာတွန်းတစ္ဆေကားတွေကိုစွဲမက်ခဲ့ပြီး၊ အန္တရာယ်ကင်းပေမဲ့၊ဇာတ်လမ်းဟာလေးနက်ခဲ့ပါတယ်။ အဲဒီကာတွန်းကားတွေကိုကြည့်ပြီးတဲ့နောက် ညတစ်ညမှာ၊ ဒါဝိတ် ဟာကြောက်လန့်ပြီး၊ သူ့အမေအိပ်ခန်းသို့ပြေးသွားခဲ့ပါတယ်။

"အမေရယ်၊ကျွန်တော်ကြောက်လန့်ပါတယ် "ဆိုပြီးသူပြောခဲ့တော့၊ အမေက" ဘာဖြစ်လို့ကြော က်ရတာလဲ" ဆိုပြီးမေးခဲ့ပါတယ်။

"ဒီနေ့ကြည့်ခဲ့တဲ့ကာတွန်းဗီဒီယိုကိုကျွန်တော်သတိရတယ်"ဆိုပြီး သူပြောခဲ့တယ်။

"သခင်ဘုရားကသင်နဲ့အတူရှိနေလို့မကြောက်ပါနဲ့။ဒီကိုသခင်ဘုရားကစောင့်ထိန်းတယ်။ကောင်းကင်တမန်တွေကကျွန်ုပ်တို့ကိုစောင့်ရှောက်ကာကွယ်နေတယ်။ ကဲ၊ဆာလံ၁၂၁ ကိုအတူတကွအလွတ်ရွတ်ဆိုကြပါစို့" ဆိုပြီးအမေကပြောခဲ့ပါတယ်။

အနေနဲ့သားဟာ ဆာလံ ၁၂၁း၁-၂၊ "ငါ့ကိုမစခြင်းအကြောင်းသည်ပေါ်ထွက် ................)" ဆိုပြီး အတူတကွရွတ်ဆိုခဲ့ကြပါတယ်။

တစ်ခြားအချိန်မှာဒါဝိတ်အနေနဲ့ထိခိုက်နစ်နာခဲ့ပါတယ်။သူ့အသက်ဟာလေးနှစ်ဖြစ်ပြီး၊ ညနေဝတ်ပြုမှုအပြီးမှာအရမ်းစိတ်လှုပ်ရှားခဲ့ပါတယ်။ သူမျက်နှာမသစ်ချင်တဲ့အပြင် သွားလဲမတိုက်ချင်ခဲ့ပါ။ သူ့အစားအစာကိုလဲ သူမကောက်ယူချင်ခဲ့ပါ။

အမေဟာ အိမ်အလုပ်၊ပန်းကန်ဆေး၊အဝတ်လှန်း၊ဖလအရွယ် ကလေးလေးကိုထိန်းရတာနဲ့အရမ်းအလုပ်များခဲ့ပါတယ်။ညတိုင်းဒါဝိတ်အိပ်ရာဝင်ချိန်ဟာ၇နာရီဖြစ်ပြီး၊ယခု တစ်နာရီကျော်သွားခဲ့ပါတယ်။

ဒါဝိတ်ဟာအိမ်နားမှာအဟိုပြေးပြေဒီပြေးကစားနေခဲ့လို့ အမေကစိတ်ဆိုးပြီးသီးမခံနိုင်ဖြစ်ကာ၊ "ဘာဖြစ်လို့ဒီလိုလုပ်နေရတာလဲ။ ငါပြောသလိုလုပ်စမ်း။ နင့်လုပ် စရာတွေနင်လုပ်ပါလား"ဆိုပြီး သူမကပြောဆိုခဲ့ပါတယ်။

ယောက်ျားလေးအနေနဲ့ နားမလည်နိုင်အောင်ဖြစ်ခဲ့ပါတယ်။ အမေအဲ့ဒီလို စကားမျိုးမပြောခဲ့ဖူးပါ။သူ့အနေနဲ့အမေ့ကိုမော့ကြည့်ပြီးအမေကလဲသူ့ကိုပြန်ကြည့် ခဲ့ပါတယ်။ အမေအနေနဲ့ သူ့အသံကိုမြင့်တက်စေခဲ့လို့ ဝမ်းနည်းခဲ့ပါတယ်။

သူတို့နှစ်ဦးလုံးမတ်တပ်ရပ်နေချိန်မှာ အမေ့စိတ်ထဲကနေ”၁ကောအခန်းကြီး ၁၃ ရုတ်ခနဲပေါ်လာပြီး၊သူက”ငါသည်လူဘာသာစကားကိုငှင်း၊ ကောင်း..............။” ဆိုပြီး သူမက တိတ်ဆိတ်စွာနဲ့အလွတ်ရွတ်ခဲ့ပါတယ်။

ပြီးတော့ သူမဟာဒါဝိတ်ကို ကြည့်လိုက်တော့၊ သူ့အနေနဲ့လဲ သူ့စိတ်ထဲမှာ ၁ကော ၁၃ကို အလွတ်ရွတ်ဆိုနေတာ တွေ့မြင်ခဲ့ပါတယ်။

အမေကပြုံးပြလိုက်တော့ ဒါဝိတ်က ပြန်ပြုံးပြပြီး သူတို့တွေဖက်ခဲ့ကြပါ တယ်။”ကျွန်မအသံကိုမြင့်တက်စေလို့ ဝမ်းနည်းပါတယ်”ဆိုပြီး အမေက ပြောခဲ့ပါ တယ်။ ဒါဝိတ်ကအမေ့ကိုပြုံးရွှင်စွာနဲ့တင်းကျပ်စွာဖက်ခဲ့ပါတယ်။ ပြီးတော့မှသူ့ ည ဝတ်အင်္ကျီကိုလဲပြီး၊သွားတိုက်ပြီးအိပ်ရာဝင်ခဲ့ပါတယ်။

ယခုအချိန်မှာ ဒါဝိတ်ဟာ ကျမ်းချက်တွေကို အလွတ်ရွတ်ရတာနှစ်သက်ခဲ့ပါ တယ်။အသက်၃နှစ်သာရှိတဲ့သူ့ ညီမအဘိဂေလ်းလဲ ပထမဆုံး စာအုပ်၄အုပ်ကို အ လွတ်ရွတ်ဆိုခဲ့ပါတယ်။ သူတို့ ရွတ်နေတာအားလုံးကိုအမေလည်း အလွတ်ရွတ်နိုင်ခဲ့ ပါတယ်။သူ

သူ့အလွတ်ရွတ်မှုဟာ သူ့ကလေးတွေကိုသင်ပေးရင်း အလိုအလျောက်ဖြစ် ပေါ်လာတာပါ။

“ကျွန်မမျှော်လင့်တာကတော့၊ ယခုအချိန်မှာ ကျွန်မတို့အလွတ်ရွတ်ဆိုတဲ့ ကျမ်းချက်တွေကို တစ်နေ့ကျရင် သခင်ဘုရားရဲ့နိုင်ငံတော်အတွက် သူတို့အနေနဲ့သာ သနာပြုဆရာတွေဖြစ်လာတဲ့အခါ ကျွန်မကလေးတွေရဲ့နှုတ်ကနေ ရဲရင့်စွာလူသိ ရှင်ကြားကြေငြာသွားမှာပါ” ဆိုပြီး သူမကပြောခဲ့ပါတယ်။

အိုလီဗီယာနဲ့ ကလေးတွေရဲ့နှလုံးသားထဲမှာ သခင်ဘုရားရဲ့နှုတ်ကပတ်တော်ကို တည်ထားဖို့ ရှာဖွေနေသူတွေအတွက်ဆုတောင်းပေးကြပါ။ ဒီအိမ်ကနေရက်ရောတဲ့သာသနာပြုဆရာတွေကို မွေးထုတ်ပေးနိုင်ဖို့ ဆုတောင်းပေးကြပါ။ ဒီ၁၃ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကိုတောင်ကိုရီးယားနိုင်ငံက Sahmyook သာသနာ့ လှူပ်ရှားမှုသင်တန်းကျောင်းမှာ ဖွင့်လှစ်တည်ထောင်မဲ့သာသနာပြုဆရာသင်တန်းဌာနအတွက်လည်း ဆုတောင်းပေးကြပါ။

မတ်လ၂၉ရက်နေ့ဥပုသ်တော်နေ့မှာသင်တို့အနေနဲ့ အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## “စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တဲ့သာသနာပြုအဖွဲ့”

မတ်လ(၂၂)ရက်၊ တင်ပြသူ-ဖိလစ်၊တောင်ကိုရီးယားနိုင်ငံ၊

ဒီ ၁၃ ပတ်ရဲ့စီမံကိန်းတစ်ခုကတော့၊တောင်ကိုရီးယားနိုင်ငံမှာသာသနာပြုဆရာတွေဖြစ်လာဖို့ လူငယ်တွေကိုသင်ကြားလေ့ကျင့်ပေးရန်ရည်မှန်းထားပါတယ်။ ဒီစီမံကိန်းက Sahmyook သာသနာ့လှုပ်ရှားမှုသင်တန်းကျောင်းမှာသာသနာပြုဆရာသင်တန်းတစ်ခု ဖွင့်လှစ်တည်ထောင်ရန်မျှော်လင့်ထားပါတယ်။ဒီတစ်ပတ်ရဲ့ဖြစ်ရပ်မှန်လေးကတော့၊ သာသနာပြုအဖွဲ့မှာပါဝင်တဲ့ ဖိလစ်နဲ့ပတ်သက်တာဖြစ်ပြီး၊အမေရိကန်နိုင်ငံက အက်တလန်တာမြို့မှာ သနာသနာပြုဆရာတစ်ဦးအနေနဲ့သုံးလသင်တန်းတက်ရောက်မှာဖြစ်ပါတယ်။

ဖိလစ်ဟာ ကျေးလက်ဒေသသာသနာ့လုပ်ငန်းမှာ၃လအလုပ်လုပ်ဖို့၊အဆင်သင့်ဖြစ်နေပါပြီ။အက်တလန်တာ မြို့မှာလေယာဉ်ပေါ်ကနေဆင်းခဲ့ပါတယ်။၂၃နှစ်သက်တမ်းရှိတဲ့တောင်ကိုရီးယားနိုင်ငံသား သာသနာပြုအဖွဲ့ကသူ့အတွက် အလုပ်များတဲ့လုပ်ငန်းတွေရှိနေပါတယ်။တစ်ပတ်တာအတွင်းမှာ၊သူ့ရဲ့ကျောင်းအလုပ်နဲ့ဒုက္ခသည်ကလေးတွေကိုအကြံကောင်းပေးဖို့ရယ်၊ဒုက္ခသည်တွေနဲ့အတူအလုပ်လုပ်ရမှာ

ဖြစ်ပါတယ်။ ဥပုသ်နေ့မှာကလေးတွေကိုဥပုသ်စာဖြေသင်ခန်းစာသင်ပေးပြီး၊အခြား လှုပ်ရှားမှုတွေမှာပါဦးဆောင်သွားမှာဖြစ်ပါတယ်။

ဒါပေမဲ့တစ်ခန်းတည်းပေါင်းနေသူနဲ့ ပြဿနာရှိခဲ့ပါတယ်။

ဖိလစ်ဟာ အခြားကိုရီးယားနိုင်ငံသားအဖွဲ့နဲ့ ကာလတိုသာသနာပြုအနေနဲ့ အလုပ်လုပ်ဖို့ရောက်လာခဲ့ပါတယ်။သူတို့ဟာ ၂ယောက်တစ်တွဲခွဲခဲ့ပြီး၊ဖိလစ်က အသက်၂၀ရှိတဲ့ စင်မြူရယ်နဲ့ တွဲဖက်ခဲ့တယ်။ဖိလစ်နဲ့စင်မြူရယ်တို့ဟာငှားထားတဲ့အိမ်သို့ရွှေ့ပြောင်းခဲ့ကြပါတယ်။

မကြာခင်မှာပဲ၊ဖိလစ်ဟာတစ်ခန်းတည်းနေသူနဲ့ စိတ်နှောင့်ယှက်မှုကြီးစွာရခဲ့ပါတယ်။စင်မြူရယ် အနေနဲ့စကားမပြောခင်အကြာကြီးစဉ်းစားခဲ့ပါတယ်။စကားပြောရင်လည်း အရမ်းနှေးကွေးပါတယ်။ ဖိလစ်ကစိတ်ဆိုးပြီး၊"ဘာဖြစ်လို့သင်က မြန်မြန်စဉ်းစားပြီးစကားပြောလို့မရတာလဲ"ဆိုပြီး စဉ်းစားခဲ့ပါတယ်။

တစ်နေ့ကျတော့၊စင်မြူရယ် အနေနဲ့ကျန်နေတဲ့ ကိုရီးယားထမင်းကိတ်မုန့်ကိုအလုံပိတ်မီးဖိုပေါ်မှာပြန်ပြီးအပူပေးခဲ့ပါတယ်။ဒါပေမဲ့ထမင်းကိတ်ဟာကျွမ်းသွားပြီး၊ ဒယ်အိုးပေါ်မှာကပ်နေပါတယ်။ဖိလစ်အနေနဲ့ထမင်းကိတ်မုန့်ကိုပြန်အပူပေးတဲ့အခါ သတိထားဖို့ စင်မြူရယ်ကို သတိပေးခဲ့မိလို့ စိတ်ဆိုးခဲ့ပါတယ်။

နောက်တစ်ခါ၊စင်မြူရယ်က ထမင်းကိတ်မုန့်ကို မီးဖိုပေါ်မှာဒယ်အိုးနဲ့ပြန်အပူပေးဖို့ ကြိုးစားခဲ့ပါတယ်။ ထမင်းကိတ်မုန့်ဟာထပ်ကျွမ်းပြီး အိုးပေါ်မှာကပ်နေပြန်ပါတယ်။ ဖိလစ်ဟာ ဒေါသကြီးပေမယ့်သူ့အနေနဲ့ဘာတစ်ခုမှ ပြန်မပြောခဲ့ပါ။

စင်မြူရယ်အနေနဲ့လည်း၊အမေရိကန်နိုင်ငံမှာတစ်လအတူတူနေခဲ့တဲ့အတောအတွင်း၊ ဘာတစ်ခုမှမပြောခဲ့ပါ။

တစ်နေ့မှာ ဒုက္ခသည်တွေနဲ့အလုပ်အတူထွက်မလုပ်ခင်၊အတူတကွဆုတောင်းဖို့သူအကြံပေးခဲ့ပါတယ်။သူတို့၂ယောက်တခါမှအတူဆုမတောင်းခဲ့ပါ။

စင်မြူရယ်ရဲ့ဆုတောင်းမှုက ဖိလစ်ကို လန့်စေခဲ့ပါတယ်။"သခင်ဘုရား၊ ကျေးဇူးပြုပြီး ဖိလစ်ကိုမမုန်းတီးမိဖို့ ကူညီမစပါ" ဆိုပြီး သူဆုတောင်းခဲ့ပါတယ်။

ဖိလစ်အနေနဲ့စင်မြူရယ်ဟာသူတို့၂ယောက်တွဲလို့ရအောင် ဆုတောင်းနေတယ်ဆိုတာ နားလယ်ခဲ့ပါတယ်။ဒါပေမဲ့ဆုတောင်းခြင်းအားဖြင့်ပျော်ရွှင်မှုကိုပိုမခံစားခဲ့ရပဲ၊ ပိုပြီးစိတ်အနှောင့်အယှက်ဖြစ် ခဲ့ရပါတယ်။

နောက်တစ်နေ့မှာလည်း၊"သခင်ဘုရား၊ကျေးဇူးပြုပြီးဖိလစ်ကိုမမုန်းမိဖို့ ဆက်ပြီးကူညီမစပါ"လို့ဆုတောင်းတဲ့အတွက် ဖိလစ် ပိုစိတ်ဆိုးခဲ့ပါတယ်။

ဖိလစ်နဲ့စင်မြူရယ်တို့ဟာ တစ်ဦးနဲ့တစ်ဦးစကားပြောတာနည်းလာခဲ့ပြီး၊ နောက်ဆုံးလုံးဝစကားမပြောတော့ပါ။

အမေရိကန်နိုင်ငံမှာသူတို့အချိန်ကုန်ဖို့ တစ်လအလိုမှာ၊သဘောထားကွဲလွဲမှု ရှိခဲ့ကြတာဖြစ်ပါတယ်။

ဖိလစ်ဟာကားတစ်စီးကိုမောင်းခဲ့ပြီး၊စင်မြူရယ်ကဘေးကထိုင်ခဲ့ပါတယ်။ သူတို့၂ဦးဟာခြေကုန်လက်ပန်းကျနေပြီး၊အိပ်ပျော်သွားခဲ့ကြပါတယ်။ရုတ်ခနဲသူတို့ နိုးတဲ့အခါ၊သူတို့ရှေ့ကကားကိုတိုက်မိတော့မှာကိုမြင်တွေ့ခဲ့ရပါတယ်။ ဖိလစ်ဟာ ဘယ်ဘက်သို့ ဦးတည်ချက်ပြောင်းခဲ့ပြီး၊ကျဉ်းတဲ့လမ်းလေးမှာကားကိုမောင်းခဲ့ပါ တယ်။ အဲဒီမှာ ကုန်တင်ကားကြီးတစ်စီးကို သူတို့တိုက်ခဲ့မိပါတယ်။

ကားဟာပျက်စီးသွားခဲ့ပြီး ဖိလစ်နဲ့စင်မြူရယ်ဟာဒဏ်ရာမရပဲလွတ်မြောက် ခဲ့ပါတယ်။ကုန်ကားမောင်းသူလည်းမထိခိုက်ခဲ့ပါ။ကုန်ကားကတော့အရှေ့ပိုင်းဘန် ပါပေါ်မှာ သေးငယ်တဲ့ ချိုင့်ခွက်ကလေးသာဖြစ်ပေါ် ခဲ့ပါတယ်။

အိမ်ပြန်လာတဲ့အခါ၊ဖိလစ်နဲ့စင်မြူရယ်ဟာ ပွေ့ဖက်ပြီးတော့၊သူတို့အသက် အတွက်သခင်ဘုရားကို ကျေးဇူးတင်ဖို့ဒူးထောက်ခဲ့ကြပါတယ်။

ဖိလစ်အနေနဲ့ရှက်မိခဲ့ပါတယ်။ သူဟာ အမေရိကန်နိုင်ငံမှာအခြားလူတွေထံ သခင်ဘုရားအကြောင်းဝေငှသက်သေခံဖို့ရောက်လာတာဖြစ်ပြီး၊အဲ့ဒီအစားသူ့ကိုယ်

သူပဲအာရုံစိုက်ခဲ့မိပါတယ်။ အဲ့ဒါဟာစင်မြူရယ်နဲ့သူ့ရဲ့သဘောထားကွဲလွဲမှုပဲဖြစ်ပါတယ်။ဒါပေမဲ့ ယခုအချိန်မှာသဘောထားကွဲလွဲမှုဟာ သေးငယ်ပြီးအရေးမကြီးသလိုဖြစ်ခဲ့ပါတယ်။

ဖိလစ်အနေနဲ့"ကျွန်ုပ်တို့ဟာအချိန်ရှိသမျှဖက်ပြီးတော့ဆုတောင်းနေခဲ့မယ်ဆိုရင် ဘုရားကသာသနာပြုဆရာတွေလိုပဲကောင်းချီးပေးမှာဖြစ်တယ်"ဆိုပြီးစဉ်းစားခဲ့ပါတယ်။

စင်မြူရယ်အနေနဲ့ သူတို့ငှားရမ်းခဲ့တဲ့တောင်ကိုရီးယားနိုင်ငံသားပိုင်ရှင်တွေဖြစ်တဲ့ အိမ်ထောင်ပြုခဲ့တဲ့ခရစ်ယာန်စုံတွဲဆီမှာ ကားတိုက်မှုကိုသူတို့အနေနဲ့ပြောပြဖို့အကြံပြုခဲ့ပါတယ်။

မကြာခင်မှာပဲ၊ဖိလစ်နဲ့စင်မြူရယ်တို့ဟာ သူတို့ရဲ့ ၂လအတွင်းကားတိုက်မှုနဲ့သဘောထားကွဲလွဲမှုကိုစုံတွဲစီမှာပြောပြခဲ့ကြပါတယ်။အစကနေအဆုံးဖြစ်ပျက်ခဲ့သမျှကို ပြောပြခဲ့ကြပါတယ်။အဲဒါဟာကယ်တင်ခြင်းနဲ့ဆိုင်တဲ့သမ္မာကျမ်းစာကရေးသားချက်မဟုတ်ပါ။

သူတို့ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုဟာအမေရိကန်နိုင်ငံမှာ သခင်ဘုရားကသူတို့နဲ့အတူဘယ်လိုပါရှိသလဲဆိုတဲ့ အရာပဲဖြစ်ပါတယ်။

ဖိလစ်အတွက် အဲဒါဟာသူ့အပေါ်မှာသခင်ဘုရားရဲ့ကောင်းမြတ်ခြင်းကိုဝေငှတာ ပထမအကြိမ်ဖြစ်ခဲ့ပါတယ်။စုံတွဲအနေနဲ့အဆိုးမြင်သဘောနဲ့တုံ့ပြန်မှာကို သူစိုးရိမ်ခဲ့မိပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့တော့စင်မြူရယ်နဲ့ သူ့ကျန်းမာရေးအတွက်သူတို့ရဲ့ပူပန်မှုကိုပဲ ဖော်ပြခဲ့ကြပါတယ်။

အမေရိကန်နိုင်ငံသို့သွားခဲ့တဲ့ခရီးတိုက ဖိလစ်ရဲ့အသက်တာကိုပြောင်းလဲစေခဲ့ပါတယ်။တောင်ကိုရီးယားနိုင်ငံသို့ သူပြန်သွားတဲ့အခါ၊သူ့အတွေ့အကြုံတွေကိုသက်သေခံချက်အဖြစ်ရေးဖို့ သူ့ကိုတောင်းဆိုခဲ့ကြပါတယ်။

သူ့အနေနဲ့ စင်မြူရယ်နဲ့ သဘောထားကွဲလွဲမှုဖြေရှင်းတာအပါအဝင်၊သူ့ပြီးမြောက်မှုစာရင်းတွေကိုပါရေးသားခဲ့ပါတယ်။ဒါပေမဲ့၊အဲ့ဒီစာရင်းကိုသူပြန်ဖတ်တဲ့အခါ၊"ဒီအရာကိုငါလုပ်ခဲ့တယ်" နဲ့"ဟိုအရာငါလုပ်ခဲ့တယ်"လို့ သူရေးသားခဲ့တာကိုတွေ့မြင်တဲ့အခါ၊သူရှက်မိပါတယ်။သခင်ယေရှုကို တစ်ခါမှမပြောခဲ့ဘူးပါ။

သူရေးသားခဲ့တဲ့ ဒုတိယမူကြမ်းကိုသူသဘောမကျခဲ့ပါ။သူ့အနေနဲ့ဘာတစ်ခုမှမပြီးခဲ့ပါလားလို့နားလည်ခဲ့မိပါတယ်။သူ့သက်သေခံချက်က တစ်စုံတစ်ရာကိုပြီးမြောက်ဖို့သခင်ဘုရားက သူ့ကိုအသုံးပြုခဲ့တယ်ဆိုတာပါပဲ။သူ့သက်သေခံချက်ကို၊ "အားနည်းတဲ့ ကျွန်တော့်ကိုသခင်ဘုရားကအသုံးပြုခဲ့တယ်"လို့ သူထပ်တလဲလဲခံစားခဲ့မိပါတယ်။

ကမ္ဘာတစ်ဝှမ်းလုံးမှာသာသနာပြုဆရာတွေအနေနဲ့အမှုတော်ထမ်းဆောင်နေတဲ့တောင်ကိုရီးယားနိုင်ငံသားလူငယ်တွေအတွက် ဆုတောင်းပေးကြပါ။

ဇွန်လ၂၉ရက်နေ့မှာ၊ သင်တို့ရဲ့၁၃ပတ် ဥပုသ်နေ့အလှူငွေရဲ့ကူညီမစမှုနဲ့ သာသနာပြုအဖွဲ့သင်တန်းဌာနတစ်ခုမှာ Sahmyook သာသနာ့လှုပ်ရှားမှုသင်တန်းကျောင်းမှကျောင်းသားတွေကပညာသင်ယူကြမှာဖြစ်တဲ့အတွက် Sahmyook လှုပ်ရှားမှုသင်တန်းကျောင်းအတွက်ဆုတောင်းပေးကြပါ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်မှာဒီစီမံကိန်းအတွက် သင်တို့အနေနဲ့ရက်ရောစွာဖြင့်အလှူငွေထည့်ဝင်ရန်စီစဉ်နေတဲ့အတွက်အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## **"၁၃ ပတ် ဥပုသ်တော်နေ့အစီအစဉ်"**

နှုတ်ခွန်းဆက်စကား - ဥပုသ်စာဖြေကျောင်းခေါင်းဆောင်

အဖွင့်သီချင်း- "သင့်အတွက် ငါသက်ပေးပြီကျူး" မြန်မာ-၁၄၉၊CH-626

အဖွင့်ဆုတောင်း -

အစီအစဉ် - "ကျောင်းမှာ သခင်ဘုရားနဲ့တွေ့ဆုံမှု"

အလှူငွေကောက်ခံခြင်း -
အပိတ်သီချင်း - "မိုးပွင့်ထက်သာဖြူစင်စေကျူး" မြန်မာ-၁၇၇ GS-52

## "ကျောင်းမျာ သခင်ဘုရားနဲ့တွေ့ဆုံမှု"

မတ်လ(၂၉)ရက်၊ တင်ပြသူ-Hyun-hee,တောင်ကိုရီးယားနိုင်ငံ၊

(အရွယ်ရောက်ပြီးသားအမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

Hyun-heeအနေနဲ့ငယ်ငယ်ကတည်းကဥပုသ်နေ့မှာဘုရားကျောင်းသွားချင်ခဲ့ပါတယ်။ သူ့အဖေဟာတောင်ကိုရီးယားနိုင်ငံမှာအသင်းတော်ငယ်တစ်ပါးရဲ့ပါစတာဖြစ်ပြီး၊ သူ့အနေနဲ့အိမ်မှာနေလို့မရခဲ့ပဲ၊ ဘယ်ဟာမဆိုလုပ်ချင်ခဲ့ပါတယ်။

အချိန်လွန်သွားရင်း၊ Hyun-hee အနေနဲ့အသင်းတော်မှာပါစတာတစ်ဦးရဲ့သမီးဖြစ်နေတာကိုငြီးငွေ့ခဲ့ပါတယ်။ သူမအနေနဲ့အဖေက ညအနှောင်းပိုင်းမှာတောင်ဖုန်းခေါ်တာလက်ခံစကားပြောခဲ့ပြီး၊ ရုံးပိတ်ရက်တွေမှာတောင်အလုပ်လုပ်ရတဲ့အကျိုးအကြောင်းကိုနားမလည်ခဲ့ပါ။ အဖေကအသင်းအုပ်ဆရာဖြစ်လို့ဈာပနအစီအစဉ်တစ်ခုကြောင့် စောင့်မျှော်နေခဲ့ရတဲ့မိသားစုအားလပ်ရက်ကိုဖျက်သိမ်းလိုက်ရတဲ့အခါ၊ သူ့နှလုံးသားထဲမှာခါးသီးမှုတွေပြည့်လာပါတယ်။

အသက်၁၆နှစ်အရွယ်ရောက်တော့၊မိန်းကလေးဟာတောင်ကိုရီးယားနိုင်ငံဆိုးလ် က သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာရောက်လာခဲ့ပါတယ်။ သူမအနေနဲ့ပထမဆုံးအကြိမ်အဝေးမှာရောက်နေတာဖြစ်ပြီး၊ဘော်ဒါဆောင်တစ်ဆောင်မှာနေခဲ့ပါတယ်။ သူမအနေနဲ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာပထမဆုံးအကြိမ် ပညာသင်ယူခဲ့တာဖြစ်တယ်။သူ့မိဘတွေနေထိုင်ခဲ့တဲ့နေရာမှာ မြော်လင့်ခြင်းအသင်းတော်ကျောင်းမရှိခဲ့ပါ။

အစဦးမှာ၊မြော်လင့်ခြင်းအသင်းတော်ကျောင်းဟာကျောင်းဆရာတွေကသခင်ဘုရားကိုယုံကြည်ကိုးစားခဲ့ကြပြီး၊ဝတ်ပြုမှုအတွက်ကျောင်းသားတွေပုံမှန်စုရုံးမှုမှလွဲပြီး အစိုးရကျောင်းနဲ့ထပ်တူပါဘဲ။

မနက်ဝတ်ပြုမှုမှာ၊ဘယ်လိုပဲဖြစ်ဖြစ် ပိုပြီးတော့သိဖို့အတွက်စူးစမ်းလိုစိတ်ပြင်းပြခဲ့ပါတယ်။ သူမအနေနဲ့ရှက်မိလို့ အခြားမိန်းကလေး တစ်ယောက်ဆီမှာ”ဒူးထောက်သူတွေ”အဖွဲ့မှာ အတူသွားဖို့တောင်းဆိုခဲ့ပါတယ်။

“ဒူးထောက်သူတွေ” အဖွဲ့ဟာကျောင်းသားတွေဦးဆောင်ခဲ့တဲ့၊အထက်တန်းကျောင်းတည်ရှိတဲ့ကျောင်းဝန်းထဲမှာပဲတည်ရှိတဲ့မြော်လင့်ခြင်းအထက်တန်းကျောင်းညီလာခံအခန်းက ဆုတောင်းတဲ့အစည်းအဝေးဖြစ်ပါတယ်။ညီလာခံအခန်မှာဘုရားကျောင်းလိုပဲ ခုံတန်းလျားတွေရှိပါတယ်။

ဆယ်ကျော်သက်လူငယ်တွေ အယောက်၃၀ လောက်၊မိန်းကလေးတစ်ဝက်၊ယောကျ်ားလေးတစ်ဝက် ဟာခုံတန်းလျားမှာထိုင်ခဲ့ကြပြီး၊ Hyun-heeနဲ့သူ့သူငယ်ချင်းတို့ရောက်လာတဲ့အခါ၊သူတို့ကသီချင်းဆိုနေခဲ့ကြပါတယ်။ယောကျ်ားလေးတစ်ယောက်ကစန္တယားကို တီးခဲ့ပါတယ်။

Hyun-heeရဲ့ပါးစပ်ဟာဟလာခဲ့ပါတယ်။ သူမအနေနဲ့သူ့အိမ်ကဘုရားကျောင်းမှာ သီချင်းတွေသီဆိုနေတဲ့အတောအတွင်းမှာခါတိုင်းသီချင်းမဆိုခဲ့ပါ။အဲဒီမှာသူမတစ်ယောက်တည်းဆယ်ကျော်သက်အရွယ်လူငယ်ဖြစ်ခဲ့ပါတယ်။ အဲဒီဆယ်ကျော်သက်လူငယ်တွေအနေနဲ့အသံကျယ်ကျယ်သီဆိုခဲ့ကြပါတယ်။အဲဒီလိုစိတ်အားထက်သန်မှုကိုသူမအနေနဲ့တစ်ခါမှမတွေ့ခဲ့ဖူးပါ။သူ့မျက်စိမှာမျက်ရည်တွေပြည့်လာပါတယ်။သူမဟာအိမ်ကိုလွမ်းနေပြီးတော့၊တေးဂီတဟာသူမအတွက်စိတ်နှလုံးအေးငြိမ်းစေတဲ့အရာဖြစ်ခဲ့တယ်။ချက်ချင်းပဲ၊သူ့အထီးကျန်မှုဟာပျောက်ကွယ်သွားပြီး၊ငြိမ်းချမ်းမှုကိုသူမခံစားခဲ့ရပါတယ်။

နောက်ဆုံးသီချင်းဆိုပြီးတဲ့နောက်မှာ၊လူငယ်တွေဒူးထောက်ပြီးခဏတာ တိတ်ဆိတ်စွာဆုတောင်းခဲ့ကြပါတယ်။ပြီးတော့မှဆယ်ကျော်သက်လူငယ်များက သူတို့ရဲ့အသက်တာမှာသခင်ဘုရားလုပ်ဆောင်ခဲ့တဲ့အရာတွေကို တစ်ယောက်ပြီး တစ်ယောက်ပြောပြခဲ့ကြပါတယ်။

Hyun-heeရဲ့ပါးစပ်ကဟလာပြန်တယ်။ သူမအနေနဲ့သူ့အရွယ်လူငယ်တွေ ကသခင်ဘုရားအကြောင်းကိုကိုယ်တိုင်ပြောတာတစ်ခါမှမကြားခဲ့ဖူးပါ။သူမအနေနဲ့ "သူတို့ဟာအသက်ငယ်ကြပေမဲ့၊ယုံကြည်မှုရှိပြီးတော့၊သခင်ဘုရားကိုယုံကြည်ကိုး စားကြတယ်။သူတို့အသက်တာရဲ့အခက်အခဲကြားထဲမှာပဲသခင်ဘုရားကိုသူတို့က ချစ်ကြတယ်" ဆိုပြီး စဉ်းစားခဲ့ပါတယ်။

ပြီးတော့မှ၊ဆယ်ကျော်သက်လူငယ်တွေဟာဆုတောင်းဖို့အတွက်အဖွဲ့ငယ်ခွဲ ခဲ့ကြပါတယ်။သူ့အိမ်ကဘုရားကျောင်းမှာဆုတောင်းချိန်အတောအတွင်းHyun-hee ရဲ့စိတ်ထဲမှာ ခါတိုင်းလိုတစ်ခြားအရာတွေစီးဝင်လာခဲ့ပါတယ်။ဒါပေမဲ့ ဆယ်ကျော် သက်လူငယ်တွေအနေနဲ့ ပြတ်သားစွာဆုတောင်းမှုမှာစိတ်ဝင်စားခဲ့ကြပြီး၊သခင်ဘု ရားဆီမှာချစ်စိတ်ပြင်းပြမှုနဲ့စိတ်ပါလက်ပါစကားပြောခဲ့ကြပါတယ်။သူ့ပါးစပ်ဟာ ပြန်ဟခဲ့ပါတယ်။

နာရီနဲ့ချီကြာတဲ့အစည်းအဝေးဟာသီချင်းနဲ့အဆုံးသတ်ခဲ့ပြီး၊ Hyun-heeအ နေနဲ့အရမ်းအံ့သြခဲ့လို့၊"ဒီလူငယ်တွေဟာကျွန်မထက်ပိုပြီးရိုးဖြောင့်ပြီးတော့၊သခင် ဘုရားကိုယုံကြည်ကိုးစားကြတယ်" ဆိုပြီးစဉ်းစားခဲ့ပါတယ်။

သူမအနေနဲ့နောက်အစည်းအဝေးအတွက်မစောင့်နိုင်တော့ပါ။"ဒါဟာအ သက်ရှင်တဲ့ယုံကြည်မှုဖြစ်ပါတယ်။အဲဒါကိုကျွန်မရှာတွေ့ခဲ့ပြီး၊အဲဒီလိုမှခရစ်ယာန် တွေဟာတကယ့်တကယ်အသက်ရှင်ရတာ" ဆိုပြီး သူမကစဉ်းစားခဲ့ပါတယ်။

သူမအနေနဲ့အပတ်တိုင်း "ဒူးထောက်သူတွေ"အဖွဲ့ရဲ့အစည်းအဝေးမှာသွား ရင်းနဲ့၊သခင်ဘုရားဝတ်ပြုမှုမှာပျော်ရွှင်မှုကိုရှာတွေ့ခဲ့ပါတယ်။သူမအနေနဲ့သီချင်းသီ

ဆိုရာမှာ၊ဝတ်ပြုသီချင်းတွေနားထောင်ရာမှာ၊ဆုတောင်းရာမှာ၊ သခင်ဘုရားနဲ့နာရီအကြာကြီးအချိန်ယူခဲ့ပါတယ်။သခင်ဘုရားပါရှိမှုကိုပထမဆုံးအကြိမ်ခံစားခဲ့ရပါတယ်။သူမအနေနဲ့သခင်ယေရှုရဲ့ယုံရခက်တဲ့ချစ်ခြင်းမေတ္တာနဲ့လက်ဝါးကားတိုင်ပေါ်မှာ ယဇ်ပူဇော်မှုဖြင့်စွန့်လွှတ်မှုကိုအလေးအနက်စဉ်းစားခဲ့ရင်းငိုကြွေးခဲ့ရပါတယ်။

အချိန်လွန်သွားတဲ့အခါ၊သူမအနေနဲ့ဆယ်ကျော်သက်လူငယ်တွေနဲ့ကျောင်းဆရာတွေကြားကပြဿနာတွေကြားထဲမှာ စိတ်ပါလက်ပါဆုတောင်းခဲ့ကြပြီး၊သခင်ဘုရားကိုချီးမွမ်းခဲ့တာတွေ့ရပါတယ်။သူမအနေနဲ့ ကျောင်းကဝိညာဉ်ရေးဆိုင်ရာအစီအစဉ်တွေမှာပါဝင်ခဲ့ပြီး၊ကျောင်းသားတွေဦးဆောင်တဲ့သမ္မာကျမ်းစာလေ့လာတဲ့အဖွဲ့မှာလည်း ပါဝင်ခဲ့ပါတယ်။

သူပထမဆုံးနှစ်မှာ အထက်တန်းကျောင်းကနေအိမ်ပြန်ဖို့ထုပ်ပိုးနေရင်း၊ Hyun-hee အနေနဲ့ဝတ်ပြုတဲ့အစီအစဉ်မှာပျော်ရွှင်မှုကိုရှာတွေ့ခဲ့ပါတယ်။သူမအနေနဲ့ဆုတောင်းစည်းဝေးတိုင်း၊ကျမ်းစာလေ့လာခြင်း၊ဝိညာဉ်ရေးဆိုင်ရာလှုပ်ရှားမှုတိုင်းမှာတက်ကြွစွာပါဝင်ခဲ့ပါတယ်။ဘုရားကျောင်းဟာငြီးငွေ့စရာမကောင်းတော့ပဲ၊ သူမအနေနဲ့ ဥပုသ်နေ့တိုင်းမှာဘုရားကျောင်းသွားဖို့မျှော်လင့်တောင့်တခဲ့ပါတယ်။

သူကြိုက်နှစ်သက်တဲ့ကျမ်းချက်တွေကတော့၊ဖိလိပ္ပိ ၄း၄-၇ "သခင်ဘုရား၌အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တဖန်ငါဆိုသည်ကား၊ဝမ်းမြောက်ကြလော့။လူအပေါင်းတို့ရှေ့၌သင်တို့၏ဖြေးညှင်းခြင်းသဘောကိုထင်ရှားစေကြလော့? သခင်ဘုရားသည်အနီးအပါး၌ရှိတော်မူ၏။အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိပဲအရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနဲ့တကွ၊ဆုတောင်းပဌနာပြုသောအားဖြင့်၊သင်တို့တောင်းပန်လိုသောအရာများတို့ကိုဘုရားသခင်အားကြားလျှောက်ကြလော့။ထိုသို့ပြုလျှင်အဘယ်သူမျှကြံ၍မမီနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည်ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်" ဖြစ်ပါတယ်။

သူမအနေနဲ့ အဲဒီကျမ်းချက်တွေအရအသက်ရှင်ဖို့အတွက် သခင်ဘုရားက သူ့ကိုမြော်လင့်ခြင်းအထက်တန်းကျောင်းသို့ပို့ခဲ့တာဖြစ်တယ်လို့ယုံကြည်ခဲ့ပါတယ်။

"သခင်ဘုရားက ကျွန်မရဲ့ယိမ်းယိုင်နေတဲ့ယုံကြည်မှုကိုတွေ့မြင်ခဲ့ပြီး၊ကိုယ်တော့်ရည်ရွယ်ချက်ကိုနားလည်သဘောပေါက်အောင် ကျွန်မကိုကူညီမစခဲ့ပါတယ်။ ကျောင်းမှာသခင်ဘုရားကိုကျွန်မဆုံတွေ့ခဲ့ပြီး၊ဘာမဆိုကိုယ်တော့်ကိုကျေးဇူးတင်ဖို့ ကျွန်မသင်ယူခဲ့ပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

Hyun-heeအနေနဲ့တောင်ကိုရီးယားနိုင်ငံရဲ့မြို့တော် ဆိုးလ် မှာသာသနာပြုအဖွဲ့သင်တန်းဌာနတစ်ခုနဲ့ အားကစားရုံတစ်ဆောင်ဖွင့်လှစ်တည်ထောင်ဖို့အတွက်၊ ယနေ့ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို လက်ခံရရှိမှာဖြစ်သောကြောင့် Sahmyook အထူးပညာသင်ကျောင်းမှာ ပညာသင်ယူနေပါတယ်။

ယနေ့အလှူငွေအားဖြင့်မြောက်ပိုင်းအာရှဒီဗီဇံမှာတောင်ကိုရီးယားနိုင်ငံ၊အန်ဆန်မြို့မှာတစ်ဦးတည်းသောမိခင်တွေအတွက်ရိပ်သာတစ်ဆောင်၊ ဂျပန်နိုင်ငံက ၁၄ ကျောင်းမှာ ကျောင်းပြီးမှုဌာနတွေ၊မွန်ဂိုးလီးယားနိုင်ငံကUlaanbaatar မြို့တော်မှာ ကလေးတွေကိုပြန်အားသစ်လောင်းဖို့အတွက်ဗဟိုဌာနအသစ်တစ်ဆောင်၊ထိုင်ဝမ်နိုင်ငံမှာမြော်လင့်ခြင်း အခြေခံမူတန်းကျောင်းစနစ်ထူတောင်မှု၊ စတဲ့စီမံကန်း၄ခုကို ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

ယနေ့ မတ်လ၂၉ရက်နေ့၊ ဥပုသ်တော်နေ့မှာသင်တို့အနေနဲ့ အလှူငွေကိုရက်ရောစွာ လှူဒါန်းဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-